
စိတ်ကူးချိုချိုအနုပညာ




# ခင်နှင်းယု

# ယောက်ျားတို့အကြောင်း

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com



# ခင်နှင်းယု

## ယောက်ျားတို့အကြောင်း

KHY0007

2,300.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး ၈၅၊ ၁၆၄ လမ်း တာမွေ
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ ၁၁၇၉၊ မိုးရိပ်လမ်း ရန်ကင်း
မျက်နှာဖုံး - ပန်းချီမျိုးမြင့် ၏ မျက်နှာဖုံးပန်းချီတစ်စိတ်တစ်ပိုင်း
၂၀၁၃၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

၈၉၁.၈၃

ယောက်ျားတို့အကြောင်း
ခင်နှင်းယု၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃။
စာမျက်နှာ ၂၁၁၊ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) ယောက်ျားတို့အကြောင်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ယောက်ျားတို့အကြောင်း

ခင်နှင်းယု

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ယောက်ျားတို့အကြောင်း

အမှတ် (၁)

ကျွန်မအမည်မှာ မကြေးမုံ ဖြစ်၍ ကျွန်မ၏ညီမငယ်အမည်မှာ မကြေးယုံ ဖြစ်သည်။

မကြေးယုံ အရွယ်မရောက်တရောက်တွင် ကျွန်မတို့၏ မိခင် ကွယ်လွန်ခဲ့၏။ ကျွန်မ အိမ်ထောင်ပြုပြီးစဖြစ်သော်လည်း ကျွန်မသည် ညီမငယ်ကို မထိန်းသိမ်းတတ်ပေ။ သို့သော် ညီအစ်မနှစ်ယောက် သင့်သလိုကြည့်နေရင်းမှ သူသည် ဒီဂရီရ၍ တက္ကသိုလ်တွင် ဆရာမလေးလုပ်နေပြီ၊ မကြေးယုံမှာ အပျိုပေါက်စ မြီးကောင်ပေါက်အရွယ် မဟုတ်တော့သော်လည်း ကျွန်မသည် သူ့အား ကလေးငယ်တစ်ယောက်လို အစဉ်စိုးရိမ်၏။

ကျွန်မ၌ အကြီးဆုံးချွတ်ယွင်းချက်မှာ အိမ်ထောင်သည်ပင် ဖြစ်သော်လည်း ယောက်ျားများကို ကြောက်ခြင်း၊ ရွံ့မုန်းခြင်းပင် ဖြစ်၏။

တစ်နံနက်တွင် သူနှင့်ကျွန်မ ပုဂံလမ်းကို လျှောက်ကြ၏။ ထိုနေ့က ပုဂံလမ်းသည် မိုးရွာပြီးစဖြစ်၍ စိမ်းစိမ်းစိုနေပေသည်။ နွေဦးက ပွင့်ကြသော စိန်ပန်းနှင့် ငုရွှေဝါ၊ ငုစပ်ပန်းရောင်ပွင့်ဖတ်များသည် မိုးရေဦးတွင် မျောပါကုန်ကြ၍ ပုဂံလမ်းသည် တစ်ရောင်တည်းသော မြအသွေး

mgyoe.com

mgyoe.com

ဖြင့် ဆေးရေးထားသလို ဖြစ်နေပေသည်။

မကြေးယုံသည် လမ်းဘေး ပတ်ဝန်းကျင်ကို ကြည့်၏။

"မမမှုံ ပုဂံလမ်းက ဆရာဦးသိန်းဖေမြင့် ဝတ္ထုထဲကလို မလှတော့ဘူးနော်"

မကြေးယုံရော ကျွန်မပါ ဆရာဦးသိန်းဖေမြင့် ရေးသော "ဆရာအို၏ဒုက္ခ" ဆိုသော ဝတ္ထုကို ဖတ်ပြီးစ ဖြစ်ပေသည်။

"ဟုတ်တယ် ဆရာရေးတုန်းက နွေဦးပေါက် ရာသီဆိုတော့ ပုဂံလမ်းမှာ ပန်းပွင့်တွေ ရောင်စုံပွင့်ချိန်ကိုး၊ ဒီတော့ သူ့ကလောင်နဲ့ ထပ်မှုန်းထားတော့ ပုဂံလမ်းဟာ ရက်ရက်စက်စက် လှနေတာပေါ့"

"အင်းပေါ့လေ ခုလည်း အားလုံး စိမ်းစိုနေတော့ တစ်မျိုးလှတာပေါ့" ဟု သူက ဆက်ပြောနေ၏။ ကျွန်မတို့သည် အိမ် (၃) အိမ်လောက်ကျော်သွားပြီးနောက် အင်းလျားဆောင်ဘက်ကို တဖြည်းဖြည်း နီးလာ၏။

ညာဘက်ရှိ အိမ်တစ်အိမ်ရှေ့တွင် တရုတ်စကားအကျော်ပင်ကြီးတစ်ပင်ရှိသည်။ ထိုအပင်ရှေ့လမ်းတွင် မိန်းမကြီးတစ်ယောက် ကျွန်မတို့ကို နောက်ခိုင်းကာ ရပ်နေလေသည်။ သူ့တင်ပါးသည် အဆမတန်ကား၍ ဝလွန်းသော ခန္ဓာကိုယ်ကြောင့် ဗိုက်အရေပြားသည် ခါးကိုဖုံးနေသလို ဖြစ်နေပေသည်။

မကြေးယုံသည် ကလေးငယ်လို တခိခိရယ်လိုက်၏။

"ဘာရီတာလဲ မကြေးယုံ"

"အော် ... ဆရာ့ဝတ္ထုထဲမှာ ဒီပုဂံလမ်းကို ဆရာအိုကြီးက လျှောက်လာတယ်။ သူ့ရှေ့မှာ မိန်းမပျိုလေးက လျှောက်သွားတယ်။ အဲဒါလေးကို ဖော်ပြတဲ့နေရာမှာ ရှေ့ကလျှောက်သွားတဲ့ မိန်းမပျိုရဲ့အလှကို ဆရာက အနုစိတ်ပြထားတယ်။ ဝိုင်းဝိုင်းမို့မို့ တင်ပါးလေးက လမ်း

mgyoe.com

mgyoe.com


လှျောက်သွားချိန်မှာ စကောလေးလိုဝိုင်းပြီး နိမ့်တုံမြင့်တုံအဖြစ်မှာ ဆရာ အိုဟာ ငယ်စိတ်ပြန်ဝင်ပြီး ကာမဂုဏ် ဓာတ်ကြွပုံကိုရေးထားတာ တွေ့ မိလို့"

ကျွန်မက မကြေးမုံ ပြောသည့်အတိုင်း ဖတ်ပြီးဖြစ်၍ ဆရာအနု စိတ်ပုံကို သဘောကျပြီး ဖြစ်သည်။ သို့သော် သူရယ်သည်ကို နားမလည် ပေ။

"အဲဒါ ရယ်စရာမဟုတ်ဘဲ ... " ဟု ကျွန်မက ဆို၏။

"မမမှုံကလည်း ကျွန်မတို့ရှေ့က မိန်းမကြီးကို ကြည့်စမ်းပါအုံး၊ ဆရာ့ဝတ္ထုထဲက ဓာတ်လိုက် မိန်းမပျိုနဲ့ ယှဉ်ကြည့်ရင်"

သူက ဆက်မပြောဘဲ ရယ်ပြန်၏။

"မကြေးယုံကလည်းဟယ် ... ကလေးလေးကျနေတာဘဲ၊ သူ့ ခမျာ ကြားသွားပါဦးမယ်"

ကျွန်မက တိုးတိုးပြောလိုက်ရ၏။

ကျွန်မတို့သည် ပုဂံလမ်းဆုံး၍ အင်းလျားရှိရာ ညာဘက်သို့ ချိုးလာကြလေသည်။

"အဲဒီဝတ္ထုဖတ်ပြီးတော့ စိတ်ထဲမှာ တစ်မျိုးဘဲ မမမှုံရယ်"

မကြေးယုံက စကားဆက်၍ ပြောပြန်သည်။

"ကျွန်မတို့တွေဟာ အသက်ချင်းကွာပြီး အိုသွားတဲ့ယောက်ျား ကြီးတွေကို စိုးရိမ်စိတ်မရှိဘဲ ရင်းရင်းနှီးနှီး ဆက်ဆံကြတာပဲ။ ဆရာ ရေးသလိုဆို အိုတဲ့လူတွေလည်း စိတ်ဖောက်ပြန်တတ်ကြတော့ ဘယ် ဆက်ဆံတဲ့နေရာမှာ စိတ်ချရမလဲနော်"

သူသည် တက္ကသိုလ်တွင် သဘာဝတ္ထုဗေဒ ဘာသာ (ဖလော် ဆော်ဖီ) ကို ယူလာခဲ့သူ ဖြစ်၏။ ကျွန်မက ရာဇဝင်ဘာသာ ၂ ရပ်ကို ယူလာခဲ့သူ ဖြစ်၏။ ထို့ကြောင့် စကားဆွေးနွေးရာတွင် ရှုထောင့်ချင်း

mgyoe.com

mgyoe.com


မတူကြပေ။ သို့သော် ဤနေရာတွင်မူ တသဘောတည်းကျကြ၏။

"အေးပေါ့ဟ ... ယောက်ျားတွေဟာ အိုအိုပျိုပျို ဘယ်စိတ်ချရမလဲ၊ အမှန်တော့ သူတို့ဟာ အဆိပ်ရှိတဲ့ သတ္တဝါလိုဘဲ၊ သတိထားဆက်ဆံရင် ကောင်းတာပေါ့။ သူ့တို့အဆိပ်တက်လာချိန်ဆို မိန်းမတွေအတွက် အန္တရာယ်ဘဲ။ တို့ ၁၀ တန်းတုန်းက ကျောင်းအုပ်ဆရာမကြီးက အမြဲပြောတယ်။ မင်းတို့ခေတ်မှာ ယောက်ျားလေးနဲ့ မိန်းကလေး ဆက်ဆံမှုဟာ ပိုမိုရင်းနှီးလာကြတော့ ရှေးခေတ်လို အတင်းအကျပ်ထိန်းလို့ မရဘူး။ ဒီတော့ ခေတ်အလျောက် ဆက်ဆံကြရင်လည်း လူပျိုတွေကို ရင်းရင်းနှီးနှီး ဆက်ဆံတာ အရေးမကြီးဘူး။ လူအိုတွေကိုတော့ ရင်းရင်းနှီးနှီး မဆက်ဆံစေချင်ဘူးလို့ အမြဲပြောတယ်"

မကြေးယုံသည် တွေ၍ စဉ်းစားလာ၏။ ကျွန်မက ဆက်ပြော၏။

"ဆရာမကြီး ပြောတာလည်း မှန်တာပဲ။ လူအိုဆိုတော့ မိန်းမသဘောနားလည်ပြီးသား၊ ဘယ်ချက် ဘယ်လိုကိုင်ရင် မိန်းကလေးကျမယ်ဆိုတာ သိထားပြီးဆိုတော့ အိုလာပြီဖြစ်တဲ့ယောက်ျားတွေဟာ ဒို့မိန်းကလေးတွေအတွက် ပိုပြီး အန္တရာယ်ကြီးတယ်"

"အင်း ... ဟုတ်တာဘဲ၊ ခြေချော်လက်ချော်ဖြစ်ပြီး ညားတောင် လူပျိုအပျိုချင်းဆိုတော့ တင့်တယ်တာပေါ့လေ။ မယားရှိတဲ့ လူတွေ အဘိုးအိုကြီးတွေဆိုတော့ ကိုယ့်မှာ ပိုနစ်နာတာပေါ့"

မကြေးယုံက သူ့ဖာသာ အဖြေထုတ်လိုက်၏။

"အေးကွယ် ... မမမှုံတော့ ယောက်ျားတွေကို ယုံယုံကြည်ကြည် ဆက်ဆံဖို့ဟာ ခုထိမရဲဘူး"

မကြေးယုံက ရယ်ပြန်လေသည်။ ထိုနေ့နံနက် လမ်းလျှောက်ကြရင်း ကျွန်မတို့ညီအမနှစ်ယောက်သည် ယောက်ျားတို့အကြောင်းကို ဆွေးနွေးကြ၏။ ကျွန်မသည် မူလ ကျွန်မစိတ်ရင်း ယူဆထားသည့်အတိုင်း

mgyoe.com

mgyoe.com


ယောက်ျားတို့ကို 'တဏှာကျေးကျွန်များ' သဖွယ် သဘောထားကာ ထို သဘောထားကို အခြေခံ၍ ဆွေးနွေးမိ၏။

မကြေးယုံစိတ်တွင်မူ ယောက်ျားတို့အပေါ် ဘယ်လို သဘောထား သည် မသိပေ။ သို့သော် သူက ကျွန်မကို နိဂုံးချုပ်တစ်ခု ပြန်ပြော၏။

"အကိုဟာ မမမှုံကို သိပ်လည်း ဂရုစိုက်တာဘဲ။ သိပ်လည်း အေးတာဘဲ၊ အဲဒီလို လူမျိုးကို ရထားပါရက်နဲ့ မမမှုံဟာ ယောက်ျားတွေ ကို ဘာလို့ မုန်းသလဲဆိုတာ ကျွန်မ တွေးမရဘူး" ဟု ဆို၏။

"မုန်းတယ်လို့တော့ မဟုတ်ဘူး ကြောက်တာပဲ"

ကျွန်မသည်လည်း ဒါလောက်ပင် ပြန်ဖြေလိုက်၏။

* * *

နောက်တစ်ပတ်လောက်တွင် ကျွန်မတို့ အိမ်သို့ မေမေ၏ ညီမ ဝမ်းကွဲ ဒေါ်လေး ရောက်လာ၏။ သူသည် စာရေးဆရာတို့ ဖွဲ့နွဲ့တတ် သော ရေပြည့်သော ကမ်းပါးကဲ့သို့ ပြည့်ဖြိုးသော တင်ပါးရှိ၏။ ရှည် သွယ်သောပေါင်တန်ပေါ်တွင် ပြည့်သောတင်မှာ နှစ်သက်ဖွယ်ရာဖြစ်၏။ ခါးမှာသေးသွယ်၍ ရင်ဖွင့်ဖွင့်နှင့် ပျိုစဉ်က အလွန်လှမည့်သူ ဖြစ်ပေ သည်။ သူ့မျက်ခုံးမှာ ကျွန်မတို့လိုပင် ထူထူဖြစ်၏။ အသားမှာမူ ကျွန်မ တို့လို မညိုပေ။ နှာတံမြင့်မြင့်အောက်တွင် သူ့နှုတ်ခမ်းထူထူမှာ ငယ်စဉ် ကသာဆို စုတ်နမ်းစရာပင်တည်း။

ယခုပင် အပျိုမဟုတ်တော့သော်လည်း အသက် ၄၀ တွင်းတွင် လှပနေတုန်းဟု ကျွန်မစိတ်ထဲတွင် ထင်လေသည်။

ဒေါ်လေးက ကျွန်မကို တွေ့ချင်၍ လာသည်ဟု ဆို၏။

"မကြေးမှုံ မင်းအားရင် မင်းဦးလေးကို ငွေငါးရာ သွားပေးစမ်းပါ"

သူသည် ငွေငါးရာကို ကျွန်မလက်ထဲသို့ ထည့်လိုက်၏။ ဒေါ်လေး

mgyoe.com

mgyoe.com


မျက်နှာကတော့ မရွှင်ပေ။ ကျွန်မသည် ဒေါ်လေးတို့ ဇာတ်လမ်းကို သိ၏။ ဒေါ်လေး အသက် ၃၀ မပြည့်ခင်ကတည်းက ဦးလေးသည် မယားငယ်ထား၏။ သို့သော် ယခု ၃–၄ နှစ်တွင်မှ ဒေါ်လေးက သူ့အိမ်သို့ ဦးလေး အလျဉ်းမလာရဆိုထားသောကြောင့် လုံးလုံးအဝင်အထွက်မရှိတော့ပေ။

ယခင်ကမူ ဒေါ်လေးသည် ဦးလေးမယားငယ်ရှိသည်ကို မသိသလိုပင် ထမင်းပွဲရုံကြီးပြင်ကာ ကျကျနန ကျွေးမွေး၏။ ယုယုယယ ပြုစုခဲ့လေသည်။ ကျွန်မတို့သည် လူငယ်များဖြစ်၍ ဒေါ်လေးတို့အကြောင်းကို ဘာမျှစွက်ဖက် မပြောကြပေ။ ဦးလေးနှင့် အတိအလင်းပြတ်ကတည်းက သူ့သစ်စက်ကို သူ့ဘာသာပင်ဦးစီးကာ ဒေါ်လေးက လုပ်၏။ သူ့တွင် သားတစ်ယောက် သမီးနှစ်ယောက် ကျန်ရစ်ခဲ့သည်။

ဒေါ်လေးမျက်နှာ မသာသည်ကို မြင်ရတော့လည်း ကျွန်မ စိတ်မကောင်းပေ။

"ဒီငွေငါးရာကို သွားပေးရမယ်လား၊ ဘာပြောခဲ့ရမလဲ"

ကျွန်မက ငွေငါးရာကို ရေတွက်ကြည့်ရင်း မေးလိုက်၏။

"ဘာမှမပြောပါနဲ့ ဟိုတစ်ပတ်က စာရေးတောင်းလို့ အလုံအိမ်မှာ သူနေတယ်။ သိတယ်မို့လား"

"ဟုတ်ကဲ့"

"ကဲ ... ဒေါ်လေး သစ်ကိစ္စတွေ ရှိသေးတယ်၊ သွားဦးမယ်ကွယ်၊ မိကြေးယုံကော နေကောင်းလား"

မကြေးယုံသည် မီးဖိုမှ ပြေးထွက်လာကာ ဒေါ်လေးကို နှုတ်ဆက်၏။ ဒေါ်လေးသည် ခပ်ညှိုးညှိုးပင် နှုတ်ဆက်ကာ ပြန်သွားတော့သည်။ နောက်မှ ကြည့်နေသော ကျွန်မတို့ ညီအမနှစ်ယောက်မျက်လုံးထဲဝယ် နိမ့်တုံမြင့်တုံ လှိုင်းလိုအိနေသော ဒေါ်လေး၏ တင်ပါးများသည် ပြဿနာ

mgyoe.com

mgyoe.com


အများကို ပေါ်စေတော့သည်။

ကျွန်မသည် ငွေးငါးရာကိုယူကာ ဦးလေးအိမ်သို့ ချက်ချင်းသွားပေး၏။ ဦးလေးအိမ်သည် ငှားနေသော အခန်းငယ်တစ်ခုပင် ဖြစ်သည်။ ဝင်ဝင်ချင်း ဧည့်ခန်းမှာလည်း သပ်သပ်ရပ်ရပ် မရှိပေ။ ကျွန်မ ဝင်လာသံကြား၍ ထွက်လာသူမှာ ဦးလေး မဟုတ်ပေ။ မိန်းမတစ်ယောက် ဖြစ်၏။

"ဦးဘခိုင် ရှိပါလား"

"ကျွန်မ ဦးဘခိုင် မိန်းမပါ"

ကျွန်မသည် ယခုမှ ထိုမိန်းမကို ပိုဂရုစိုက်ကြည့်၏။ ပိန်ပိန်ပါးပါး ပေါင်တံရှည်ရှည် ကိုယ်လုံးမှာ မဖွင့်ပေ။ မျက်နှာသည် တောက်တောက်ပပ မရှိလှ၊ သွယ်၍ မေးစေ့ချွန်း၏။ ဒေါ်လေးရုပ်ရည်နှင့် ဘာမှ ယှဉ်စပ်၍ ... မရပေ။ လမ်းလျှောက်ဟန် စကားပြောဟန်ကလည်း သွက်လက်ဖျတ်လတ်သော အမူအရာမရှိ၊ ခပ်လေးလေးပင် ဖြစ်၏။

"ကျွန်မ ဦးဘခိုင် တူမပါ"

ကျွန်မက ခပ်ပြတ်ပြတ် ပြောလိုက်၏။

သူသည် ပါးစပ်ကို ဟ, လိုက်ကာ ခဏငိုင်သွားပြီးမှ ...

"ကိုဘခိုင် ဒီမှာ ဧည့်သည် လာနေတယ် ..." ဟု အတွင်းဘက်ကို လှည့်အော်ပြောလိုက်၏။

ဤနေရာတွင် ကျွန်မသည် ယဉ်ကျေးမှုတို့ ဘာတို့ကို ဘာမှသတိမထားမိ၊ စိတ်ထဲကလည်း ဦးလေးရဲ့ မယားငယ်ပဲဟူသော အထင်သေးစိတ်က ထိုမိန်းမကို လေးစားမှုလျော့စေလေသည်။

ဖြုန်းခနဲပင် ဧည့်ခန်းအတွင်းသို့ ခြေ ၃-၄ လှမ်းဝင်သွားကာ နောက်ဖေးဘက်သို့ လှမ်းကြည့်လိုက်၏။ စင်စစ် ကျွန်မ အမူအရာမှာ ရိုင်းလှသည်။ မီးဖိုချောင်ကို ဧည့်ခန်းမှ တိုက်ရိုက်မြင်နေရ၏။ မီးဖိုထဲရှိ ဦးလေးမှာလည်း ကျွန်မကို မျက်လုံးပြူးကြီးနှင့် ကြောင်၍ ကြည့်နေ

mgyoe.com

mgyoe.com

သည်။ ချက်ချင်းပင် သူသည် မီးဖိုပေါ်ရှိ ဒယ်အိုးကို ချကာ ကျွန်မရှိရာသို့ ထွက်လာ၏။

– "ဟဲ့ ... မကြေးမှုံ ဘာလာလုပ်လဲ"

"ဦးလေး ဘာလုပ်နေလဲ"

ကျွန်မသည် သူမေးသည်ကို မဖြေဘဲ သူ့ကိုပင် မေးခွန်းထပ်မေးလိုက်၏။

"ငါးကြော်နေတယ်"

ကျွန်မရင်တွင် ဒေါသတို့သည် ခြောင်းခြောင်းထ၍ လာလေသည်။

"ဦးလေး တောင်းထားတယ်ဆို၊ ငွေငါးရာ ဒေါ်လေးက ပို့ခိုင်းလို့ မကြေးမှုံ လာပို့တာ ဒီမှာ ယူလိုက်ပါ"

ကျွန်မသည် ငွေကို ဦးလေးလက်ထဲကို ထည့်၍ ပြန်တော့မယ်ဆိုကာ ချက်ချင်းပင် ပြန်ထွက်လာ၏။ မယားငယ်ဆိုသူကိုလည်း နှုတ်မဆက်ခဲ့၊ စင်စစ် ကျွန်မ ဟန်ပန်များသည် အတော်ပင် ရိုင်းရိုင်းပျပျ ရှူးရှူးရှားရှား ဖြစ်နေသလား မသိပေ။

အိမ်ရောက်လျှင် ထမင်းစားပွဲတွင် မကြေးယုံနှင့် အကို (ကျွန်မ၏ ခင်ပွန်း) ကို တွေ့ရ၏။ သူတို့သည် ကျွန်မဟန်ပန်ကို မြင်ကတည်းက ဒေါသထလာသည်ကို သိပြီး ဖြစ်ကြလေသည်။

"ကဲ ... ဆိုစမ်းပါဦး၊ မရွှေမှုံ ဘာကို ဒေါသထလာပြန်လဲ၊ အဲဒါနဲ့ ထမင်းတစ်ခါမစားရလို့ တုန်တုန်ရင်ရင်ဖြစ်ဦးမယ်"

အကိုသည် ကျွန်မစိတ်မြန်ပုံ ဒေါသထွက်လွယ်ပုံ ရောဂါစုံကို သိထားသူဖြစ်သည့်အတိုင်း မေးလိုက်၏။ ကျွန်မသည်လည်း သူ့အပါးတွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်၏။

မကြေးယုံက စကားဆုံးအောင်ပြောပြီးမှ ထမင်း စ, စားရန်အကြံ

mgyoe.com

mgyoe.com


ပေး၏။ ကျွန်မ ဒေါသအရှိန်မပြေခင်စားလျှင်လည်း ထမင်းက တစ်စေ့မျှဝင်မည် မဟုတ်ပေ။

"စိတ်ပျက်လွန်းလို့ပါ အကိုရာ၊ အကိုတို့ ယောက်ျားတွေဟာ တော်တော်နားလည်ဖို့ခက်တဲ့ သတ္တဝါတွေပဲ"

"အလို"

အကိုက မဆီမဆိုင် အချခံလိုက်ရ၏။ ထိတ်လန့်တကြား အော်နည်းမျိုး အော်လိုက်၏။ ကျွန်မသည် ချက်ချင်းသတိရကာ "ကန်တော့ ကန်တော့ အကို၊ သတ္တဝါလို့ပြောတာ စိတ်မရှိပါနဲ့" ဟု ဆို၍ သူ့ကို လက်အုပ်ချီလိုက်ရသည်။

"ဒီနေ့ ဒေါ်လေးက ငွေငါးရာပေးခိုင်းလို့ ဦးလေးကို သွားပေးတယ်။ စိတ်လည်းပျက် ဒေါသလည်း ဖြစ်ပါရဲ့၊ ဦးလေးက မီးဖိုထဲမှာ ငါးကြော်နေတယ်"

"ဒါကို ဒေါသ ဖြစ်လာတာလား၊ ဒေါသမထွက်ပါနဲ့လေ၊ သူ့မိန်းမ နေမကောင်းလို့လားမှမသိ"

အကို ဖြေပြောလိုက်၏။

"အကိုကလည်း မကြေးမှူ ဝင်သွားတော့ မယားငယ်ကိုယ်တိုင် ထွက်လာတာ နေကောင်းလို့၊ စိတ်ထဲမှာ ဒေါထတာက ဦးလေးကို လှမ်းကြည့်လိုက်တော့ မီးဖိုထဲ ငါးကြော် ကြော်နေတယ်။ ငွေငါးရာကို ပေးတောင် မပေးချင်ဘူး၊ ဒေါ်လေး ပေးခိုင်းလို့သာ"

"သူကျေနပ်လို့ သူ့ယောက်ျား ပေးခိုင်းတာဘဲ၊ မမမှုက ဒေါသဖြစ်မနေပါနဲ့တော့"

မကြေးယုံက ဝင်ပြော၏။ ကျွန်မသည်လည်း ခဏငြိမ်သွားပြီးမှ အကို့ကို ပြန်ကြည့်မိ၏။

"စိတ်ပျက်လွန်းလို့ပါ အကိုရာ၊ အိမ်မှာ လူကြီးတွေ ပြောတာ

mgyoe.com

mgyoe.com


ကြားဖူးတုန်းက မိန်းမတွေဟာ ယောကျ်ားကို အပြုအစုမတတ်ရင် ယောကျ်ားသာယာအောင် မလုပ်တတ်ရင် မယားငယ်နေတတ်တယ် ပြော တယ်။ ခုတော့ အလှအပမှာလည်း ဒေါ်လေးခြေဖျားကို ဒီမိန်းမ မမှီ၊ အချက်အပြုတ်ကျလည်း ဒေါ်လေးက ချက်တတ်ပြုတ်တတ် ပွဲရုံပြင်ပြီး ယောကျ်ားကိုပြုစုရတာအမော၊ အဲဒါနဲ့ ဘာလို့ ကိုယ်ကပြန်ပြီး ဟင်း ချက်ကျွေးရတဲ့ မိန်းမကို ဒီဦးလေးက မက်နေရတာလဲ မသိ"

အကိုက ရယ်၏။ မကြေးယုံက ကျွန်မကို စေ့စေ့ကြည့်ကာ တွေးနေ၏။

"အဲဒီ အငယ်ရဲ့ ရုပ်က နေတစ်ခါလှမ်းထားတဲ့ ငရုံ့လိုပဲ"

ကျွန်မပုံခိုင်းသည်ကို အကိုက သဘောကျဟန်နှင့်ရယ်ပြန်သည်။ အကိုကလည်း ဘာမျှတော့ အဖြေမပေးပေ။ မကြေးယုံကလည်း သူ့ ထင်မြင်ချက်ကို တစ်စုံတစ်ရာ ဖွင့်မပြောပေ။ ကျွန်မသည် ထမင်း ပန်းကန်ကို စ,နှိုက်ရင်း ထမင်းထဲတွင် စိတ်မဝင်စား၊ စကားကိုလည်း မပြောတော့ ကျွန်မအတွေးကိုသာ ဆက်တွေးမိ၏။

ယခင်က ကျွန်မသည် ယောကျ်ားတို့ကို တဏှာကျေးကျွန်များ၊ သူတို့သည် နွံ့ကိုပင်ဖြစ်ပေစေ၊ တင်ကားကားရင်မို့မို့ ထုထားလျှင် ဟက် တက်စွဲလိုက်မည့်သူများဟု အထင်သေးခဲ့၏။ ယခု ဦးလေးနှင့် ဒေါ်လေး ပြဿနာတွင်မူ ဦးလေးသည် စိုပြည်လှပသော ဒေါ်လေးကို စွန့်ကာ ဤငါးခြောက်ရုပ်ကို ဘာဖြစ်၍ တန်းတန်းစွဲနေပါသနည်း။ လင့်အကြိုက် ကိုသိ၍ ဖွယ်ဖွယ်ရာရာ ချက်တတ်ပြုတ်တတ် ပြုစုတတ်သော ဒေါ်လေး ကိုစွန့်၍ ကိုယ်ကပြန်၍ ငါးကြော် ကြော်ကျွေးနေရသော မိန်းမကို မက် မောရပါသနည်း။ ဤနေရာ၌ တပ်မက်နှစ်သက်ခြင်း တဏှာသည် ဘယ် မျှ အရေးပါအရာရောက်သနည်း။ ကျွန်မသည် တွေးရင်း မောလာသလို အသက်ပြင်းပြင်းရှူပြန်၏။ အကိုက ကျွန်မကို ကြည့်ကာ ...

mgyoe.com

mgyoe.com


"မှုံကလည်းကွာ ဒါနဲ့ စိတ်ပင်ပန်းရဦးမယ်၊ ဘာမှ မတွေးဘဲ ထမင်းစားစမ်း" ဟု ဆို၏။ စင်စစ်အကိုသည် ကျွန်မ မပြေလည်သော ပြဿနာကို တစ်စုံတစ်ခုတော့ ဖြေပေးသင့်သည်ဟု ကျွန်မ တွေးမိပြန်သည်။

စင်စစ်မှာမူ ကျွန်မသည် ယောက်ျားတို့အကြောင်းကို ဘာမျှ ရေရာစွာ မသိသေးကြောင်းကို ထိုနေ့က ထမင်းစားရင်း ကိုယ့်ကိုယ်ကို ဝန်ခံလိုက်မိပါသည်။ တစ်ဖက်သတ် ယောက်ျားတို့အပေါ်တွင် အထင်သေးသော စိတ်မှာ လျော့ပါးလာကာ "ဘာကြောင့်" ဟူသော အကြောင်းရင်းကို စူးစမ်းလိုသောစိတ်မှာ ပိုမို၍ ထက်သန်လာခဲ့ပါတော့သည်။

အတွေးရခက်သော အကြောင်းတို့တွင် 'ယောက်ျားတို့ အကြောင်း' သည်လည်း ပြဿနာတစ်ခုပင် ဖြစ်၏။

❑

mgyoe.com

mgyoe.com

# ယောက်ျားတို့အကြောင်း

## အမှတ် (၂)

ယောက်ျားတို့အကြောင်းကို ကျွန်မဂရုတစိုက်တွေးမိလာလေလေ ပိုမိုစိတ်ဝင်စားစရာများကို အများကြီး တွေ့ရလေပင် ဖြစ်၏။ ယခင်လက ရေးခဲ့သော ဦးလေးအကြောင်းတွင် ဦးလေးအပေါ် ဒေါနမသဿစိတ်များ ကျွန်မပွားများလာသည်နှင့် အမျှ "ယောက်ျားများသည်၊ ဘာကိုမက်မောတတ်ပါသလဲ" ဟူသော အတွေးကိုလည်း ကျွန်မ ခဏခဏ တွေးမိ၏။

* * *

လွန်ခဲ့သော ၅ နှစ်ခန့်က ကျွန်မတို့တွင် ကားလေးတစ်စီး ရှိခဲ့သည်။

ကားဝယ်ပြီးလျှင် ပြီးချင်းတွင် အကိုက ဒရိုင်ဘာ လိုချင်သည်ဟု ဆို၏။ ဒရိုင်ဘာများ အမြောက်အမြားလာရောက် တွေ့ဆုံကြသော်လည်း သူသည် တစ်ယောက်မျှ သဘောမကျပေ။

"ကိုက ဒရိုင်ဘာပေမယ့် ကျက်သရေရှိမှ သဘောကျတာ" ဟု ဆို၏။

ကျွန်မတို့ အိမ်သားများသည်လည်း သူ့ဆန္ဒကို တစ်စုံတစ်ရာ

mgyoe.com

mgyoe.com


ဘာမျှ မဝေဖန်ပေ။ ကျွန်မစိတ်ထဲတွင်မူ ကျက်သရေရှိသည် မရှိသည် ထက် သမီးလေးနှင့်ညီမလေး ကျောင်းသွားကျောင်းပြန်အတွက် စိတ်ချရလျှင် တော်ပေပြီဟု ယူဆထား၏။ ကျွန်မတို့ခေတ်တွင် မိန်းမတို့သည် လည်း အိမ်ကိုပစ်၍ စီးပွားရှာကြ၏။ ယခင်လို အိမ်ကိုစောင့်၍ မထိန်းနိုင်ကြပေ။ ထို့ကြောင့် စိတ်ချရသော အိမ်စေမိန်းကလေးများနှင့် ဒရိုင်ဘာများမှာ လိုအပ်သောလုပ်ဖော်ကိုင်ဖက်အဖြစ် အိမ်ထောင်တစ်ခုတစ်ခုတွင် ပါဝင်လာကြသည်ဟု ကျွန်မ **ယူဆ**မိ၏။

ကားဝယ်ပြီးနောက် တစ်လတွင်မူ အကိုနှင့်အတူ လူတစ်ယောက် ပါလာ၏။

"မှုံရေ ... ကိုယ်တော့ ဒရိုင်ဘာတစ်ယောက်ရလာပြီ။ ကဲ ... သူ့မျက်နှာက ကျက်သရေမရှိဘူးလား"

ကိုက သူခေါ်လာသော ဒရိုင်ဘာကိုပြ၏။

အကိုခေါ်လာသူသည် အသားမဲ၍ မျက်ခုံးမွေးကြီး၏။ နဖူးမှာ ကျယ်ရုံမက တစ်စုံတစ်ရာကို မတွေးဘဲနေစဉ်တွင်ပင် နဖူးရေများတွန့်၍ နေလေသည်။ ပါးစပ်ပြဲသော်လည်း ရယ်ရွှင်လိုသော ဟန်ရှိပုံမရပေ။ ကိုယ်လုံးမှာ တောင့်တင်း၍ လက်ပြင်အနည်းငယ် ကုန်းပေသည်။ လမ်းလျှောက်စဉ်တွင်လည်း စစ်သားတစ်ယောက်လို အားရပါးရ လျှောက် ၏။

"ကို သဘောကျရင် ပြီးတာပါပဲ"

ကျွန်မသည် ဒါပဲ ပြန်ပြောမိ၏။ တကယ်ဆိုလျှင်လည်း ဤအိမ် တွင် သူဦးစီးသူမို့ သူကျေနပ်ဖို့မှာ ပို၍အရေးကြီးပေသည်။

"ကို စစ်ရဲတပ်ရင်း – ၄ မှာ ဒုတိယတပ်ရင်းမှူးလုပ်တုန်းက သူက ရဲဘော်ဟောင်းတစ်ယောက်ပဲ ...။ ကိုယ့်ရဲဘော်ဆိုတော့ ကိုယ့် အပေါ်မှာလည်း သစ္စာရှိတယ်။ သမီးနဲ့ မကြေးယုံအတွက်လည်း စိတ်ချ

mgyoe.com

mgyoe.com


ရတာပေါ့"

"ဟုတ်ကဲ့ သူ့နာမည်ကရော"

"ဦးထွေး တဲ့"

ဒရိုင်ဘာပင် ဖြစ်သော်လည်း သူသည် အကို့ထက်အသက်ကြီး ဟန်ရှိ၏။ အကိုကိုယ်တိုင်ကပင် သူ့ရဲဘော်ကို ဦးထွေးဟု လေးလေး စားစား ခေါ်သောအခါ ကျွန်မတို့တစ်အိမ်လုံးကလည်း သူ့ကို ဦးထွေး ဟု တရိုတသေ ခေါ်ကြ၏။

သူရောက်စက အကိုပြောသော 'ကျက်သရေ' ဆိုသောစကားကို ကျွန်မ နားမလည်။ ဦးထွေးမျက်နှာတွင် ဘာများ ကျက်သရေရှိပါလိမ့် ဟု ကျွန်မ ခဏခဏ တွေးကြည့်မိ၏။ သို့သော် ကျက်သရေကို ကျွန်မ ရှာမရပေ။

မကြာခင်တွင်ပင် အိမ်သား အားလုံးလိုလို ဦးထွေးကို ချစ်ခင်လာ ကြသည်။ ဦးထွေးအတွက် နေစရာအိမ်တွင်မက ထမင်းကိုလည်း ကျွေး ရသည်။ လခကိုလည်း ၁၂၀ ပေးရလေသည်။

ဦးထွေးမိန်းမမှာ ဦးထွေးထက် အသက် ၁၅ နှစ်ခန့်ငယ်ပုံရ၍ အသက် ၂၀ ကျော်လောက်ပင် ရှိပေဦးမည်။ ကိုယ်ထည်လုံးလုံးကျစ် လျစ်နှင့်မျက်နှာမှာ ချစ်ရာကောင်းပေသည်။ သူရယ်လိုက်လျှင် မျက်လုံး ကလေးများပိတ်သွားအောင် ရယ်တတ်၏။ သူတို့နှစ်ယောက်ကို ပေးရ သောအိမ်မှာ မြို့ပြင်ရှိ ကျွန်မတို့ ခြံလေးထဲတွင်ရှိသော အိမ်လေးဖြစ်၏။

ညနေမိုးချုပ်၍ ဦးထွေး ပြန်လာခါနီးတိုင်း သမီးလေးသည် ပြေး၍ နှုတ်ဆက်၏။

"ဦးထွေး နက်ဖြန် စောစောလာပါ"

သမီးနှုတ်ဆက်စကားမှာ ဒါဘဲ ဖြစ်၏။ ထိုစဉ်က သမီးလေးမှာ ငယ်ငယ်ပင်ရှိသေး၍ ဦးထွေးသည် သမီးလေးကို ပွေ့ချီကာ ရယ်မောပြီး

mgyoe.com

mgyoe.com


မှ ပြန်တတ်၏။

သူသည် သမီးလေးနှင့် မကြေးယုံတို့ ကျောင်းပို့ကျောင်းပြန် ကိစ္စသာမက သမီးလေး စားရေးသောက်ရေးကိုလည်း ဂရုစိုက်ရ၏။ အိမ်ဖော်မိန်းကလေး ခွင့်နှင့်ပြန်ချိန်တွင် ဦးထွေးသည် သမီးလေးကို ကျောင်းက ပြန်ခေါ်လာပြီး ထမင်းကျွေး၊ အဝတ်အစား လဲပေးနှင့်လူယုံတော်ကြီးသဖွယ် ဂရုတစိုက်လုပ်ပေးလေသည်။ တကယ်ဆိုလျှင် သမီးလေးအား ဦးထွေးလက်သို့ ကျွန်မတို့ ပုံအပ်ထားခြင်းပင် ဖြစ်၏။

ပထမသော် ကျွန်မစိတ်ထဲတွင် သူများပြောစကားဖြင့်သာ ဦးထွေးကိုပေးရသော လခသည် ကြီးသည်ဟု ထင်လေသည်။ တချို့တွင် ထမင်းကျွေး အိမ်ပေးဆိုလျှင် လခ ၈၀ နှင့်ရသည်ဟု ဆိုကြ၏။ သို့သော် ကာလကြာမြင့်လာလေလေ ကျွန်မသည် ဦးထွေး၏ တန်ဖိုးကို ပို၍သိလာ၏။ ဦးထွေးသည် လခ ၁၂၀ နှင့်ပင် မတန်၊ ကျွန်မတွင် အင်အားရှိပါက ထို့ထက်ပင် ပို၍ပေးသင့် ပေးသေးသည်။ သူသည် သစ္စာရှိ၍ အားကိုးရသော ရဲဘော်တစ်ယောက် ကျွန်မအတွက် ဖြစ်လာလေသည်။

မိုးသည်းသောနေ့တစ်နေ့တွင်မူ ဦးထွေးပေါ်မလာပေ။ ကလေးနှင့်မကြေးယုံကိုရော ကျွန်မရုံးအသွားကိုပါ အကိုက ကားမောင်း၍ လိုက်ပို့ရ၏။ ပြီးမှ သူ့ရုံးကို ဆက်သွားတော့သည်။

ဦးထွေးသည် ကိစ္စတစ်ခုခုဖြစ်၍ မလာနိုင်လျှင် တစ်ယောက်ကို အပြောလွှတ်မြဲဖြစ်၏။ ယခုမူ ဦးထွေး ဘာဖြစ်၍များ ဘာမျှအကြောင်း မကြားပါသနည်း။

ညနေစောင်းတွင်မူ အကိုသည် သူ့ကားကို ကိုယ်တိုင်မောင်း၍ ဦးထွေးရှိရာ ခြံသို့ ထွက်သွားတော့သည်။

ဦးထွေးမလာသည့်အတွက် စိတ်သောကအဖြစ်ဆုံးမှာ သမီးလေး ဖြစ်၏။

mgyoe.com

mgyoe.com


"ဦးထွေး ဘာဖြစ်လို့လဲ မေမေ"

ကျွန်မကိုလည်း သူမေး၏။

"ဦးထွေး ဘာဖြစ်လို့လဲ အန်တီကြေးယုံ"

သူ့အဒေါ်ကိုလည်း မေး၏။

"ဦးထွေး ဘာဖြစ်လို့လဲ မမအေး"

အိမ်ဖော်မိန်းကလေးကိုလည်း မေး၏။ သူ၏ ကစားဖက်လည်း ဖြစ်ရုံမက ကျောင်းသွားကျောင်းပြန် သူ့ကို ဂရုတစိုက်စောင့်ရှောက် ကျွေးမွေးသူမို့ သမီးတွင် တွယ်တာသော သံယောဇဉ်ကြီးမားလာဟန် ရှိလေသည်။ အကိုပြန်လာမှပင် ကျွန်မတို့အကြောင်းစုံ သိရ၏။

"ဦးထွေးမနေ့က ဒီအိမ်ကပြန်သွားတော့ သူ့အိမ်မှာ သူ့မိန်းမ မရှိတော့ဘူး"

"ဟင်"

ထမင်းစားပွဲတွင်ရှိသော သူအားလုံး အကို့စကားကြောင့် သံပြိုင် "ဟင်" မိကြ၏။

"ဦးထွေးက စိတ်မချမ်းသာဘူးပေါ့။ တစ်ညလုံး သူသွားတတ်တဲ့ နေရာတွေ လိုက်ရှာတာလည်း မတွေ့၊ ဒီမနက်တော့ မိန်းကလေးရဲ့ အမေတို့၊ မောင်တို့ဆီ သွားအကြောင်းကြားရတာကိုး၊ ဒါကြောင့် သူ အလုပ်မဆင်းတာ"

"ဘယ်ကိုများ သွားပါလိမ့်။ စိတ်ဆိုးသွားတာလည်း မဟုတ်ဘူး လား"

"ဦးထွေးအပြောတော့ ဘာမှမဖြစ်ဘူးလို့ ဆိုတာပဲ"

ကျွန်မတို့အားလုံးလိုလို ဦးထွေး သူ့မိန်းမကို ပြန်တွေ့ပါစေဟု ဆုတောင်းကြ၏။ သူ့မိန်းမဟန်မှာ ခပ်အအမို့ မသူတော်တို့ လက်ထဲ ရောက်သွားမှာကို ကျွန်မအလွန် စိုးရိမ်မိပေသည်။ ရန်ကုန်မြို့မှာ ငယ်ရွယ်

mgyoe.com

mgyoe.com


သူ့ မိန်းကလေးတို့အတွက် အန္တရာယ်ကြီးလှလေသည်။

နှစ်ရက်မြောက်သောနေ့တွင်မှ ဦးထွေး ရောက်လာ၏။

"မမှုံရေ … သန်းမေကို ပြန်တွေ့ပြီ၊ သူ့အကိုက အလုံဂတ်မှာ ပုလိပ်လုပ်လို့ ကျွန်တော်သွားအကြောင်းကြားထားတယ်။ သူပဲ ရှာပေးတယ်။ တွံတေးက အမေ့ဆီ ပြန်သွားတယ်"

ဦးထွေးက မိန်းမပြန်တွေ့၍ ဝမ်းသာအားရ ပြောရှာ၏။ ကျွန်မ ရင်ထဲတွင်မူ အမေ့ဆီပြန်လိုလျှင် လင်ကိုပြောဆို၍ ပြန်လျှင်လည်းဖြစ်ပါလျက်နှင့် မသန်းမေသည် ယခုလို အထိတ်တလန့် ဘာကြောင့်လုပ်သနည်း။သို့သော် သူတို့အိမ်ထောင်ရေးတွင် မစပ်မစုလိုသောကြောင့် ကျွန်မ နှုတ်ပိတ်၍ နေလိုက်၏။

ကျွန်မတို့အိမ်၏ စက်ယန္တရားလည်း ဆက်လက်၍ လည်မြဲလည်ပြန်သည်။

နောက်တစ်နှစ်တွင်မူ ကျွန်မတို့မိသားစုတွေ မုန်တိုင်းတိုက်ခတ်ခံရသည်ဟု ဆိုလျှင် မမှားပေ။ ကျွန်မရောဂါကြောင့် ရန်ကုန်ဆေးရုံတွင်မက အိန္ဒိယကိုပင် ထွက်ခွာသွားကာ ကုသရ၏။

အိမ်ကို နောက်ဆံတင်းသော်လည်း လူယုံတော်ကြီး ဦးထွေးက ဘာမျှမပူရန် အားပေးရှာ၏။ အိမ်ဖော်မိန်းကလေး မအေးကလည်း သူ အိမ်ကို နိုင်အောင်ထိန်းနိုင်သူမို့ စိတ်ချရန်ပြော၏။ အကို့မှာမူ အိမ်တွင် ဒုက္ခရောက်နေသော အချိန်တိုင်းလိုလိုပင် စစ်စခန်းတစ်နေရာသို့ ထွက်ခွာသွားရတတ်သူ ဖြစ်၏။

"ဘာမှမပူနဲ့ မှုံရေ၊ ကိုယ်ကအစကတည်းက ကိုတို့အိမ်ကိုစစ်တပ်တစ်တပ်လို လေ့ကျင့်ပေးထားတာ၊ တစ်ယောက်မရှိလည်း ရှိတဲ့လူနဲ့ အရှိန်မပျက်ဆက်သွားနိုင်ရမှာပေါ့"

ကိုပြောသလိုပင် ကျွန်မတို့အိမ်မှာ ကိုယ့်အရှိန်နှင့် ကိုယ်လည်

mgyoe.com

သွား၏။ အိမ်တွင် အကြီးအမှူးဖြစ်သော အကို စခန်းတစ်နေရာသို့ ထွက်သွားဆဲ တွင် ကျွန်မလည်း အိန္ဒိယသို့ ထွက်ခွာသွားခဲ့ရ၏။ အိမ်ကို ဒီလိုပင် ထားရစ်ရ၏။

အိန္ဒိယက ပြန်လာချိန်တွင် အကိုတစ်ယောက်သာ လာကြို၏။ အိမ်ပြန်ရောက်ရောက်ချင်း ကျွန်မသည် ဦးထွေးအကြောင်း မေးရ၏။

"ကိုလာကြိုတာ ဦးထွေးလည်း ပါမလာပါလားကို"

"အေး ... မှုံစိတ်မချမ်းသာမှာစိုးလို့ ကိုလည်းမပြောတာ။ ဦးထွေး မိန်းမ လင်ငယ်နောက်လိုက်သွားလို့"

"ဟင်"

အိမ်သားများမှာမူ အကျိုးအကြောင်းသိပြီးဖြစ်၍ စိတ်လှုပ်ရှားပုံ မရပေ။ ကျွန်မအတွက်သာ တအံ့တဩ ဖြစ်နေလေသည်။

"ကိုရယ် ... ဦးထွေးက အသက်ကြီးလို့ မသန်းမေက သူ့ဆန္ဒ မလိုက်နိုင်လို့များ လင်ငယ်နောက်လိုက်သွားတာလား"

"မှုံကလည်းကွယ် ဦးထွေးကအသက်ကြီးတယ်ဆိုရအောင် ၃၅ နှစ်ကျော်ကျော်ဘဲ ရှိသေးတာ၊ သူ့ထက် တစ်နှစ်ပဲကြီးတယ်။ ကို အသေးစိတ် မေးပြီးပြီ။ ဒါကြောင့်လည်း မဟုတ်ဘူး။ ဦးထွေးဖြင့် ဒီ တစ်ခါ အတော်စိတ်ထိခိုက်ပုံရတယ်"

"ထိခိုက်တာပေါ့ ကိုရာ၊ စိတ်ထိခိုက်တာထက် ရှက်လည်းရှက် မှာပေါ့။ ဘယ်တုန်းက လိုက်သွားတာလဲ"

"မှုံမလာခင် တစ်ပတ်လောက်ရှိသေးတယ်။ အဲဒါ ခုတော့ သတင်းကြားတယ်။ နောက်လင်ငယ်က သူ့ကို ပိုက်ဆံရှာခိုင်းလို့ လာကယ်ပါလို့ သူ့အမေဆီ စာရေးသတဲ့။ သူ့အမေကြီးက ဦးထွေးကို ငိုပြီး လာတောင်းပန်တယ်။ ကယ်ပါဦးဆိုလို့ ဦးထွေးလိုက်သွားလေရဲ့၊ သထုံဘက်မှာ ကို့အသိ ရဲဘော်တွေလည်း သထုံမှာရှိလို့ ဦးထွေးကို

mgyoe.com

mgyoe.com


ကူညီဖို့ စာရေးပေးလိုက်တယ်"

"ဖြစ်မှဖြစ်ရလေကိုရယ်၊ ဦးထွေး မသန်းမေကို ပြန်ခေါ်လာမှာပေါ့"

ကိုသည် ဖျပ်ခနဲ ကျွန်မကို ဒေါသတကြီး ကြည့်လိုက်၏။

"ဒီလို မိန်းမမျိုးကို ဘာဖြစ်လို့ ပြန်ခေါ်မှာလဲ... ဟင်၊ ဟိုဘာဝ ရောက်သွားမှာစိုးလို့၊ ကို့မှာ တာဝန်ရှိတယ်ယူဆပြီး ဦးထွေးကို သွားခေါ်ဖို့ ခိုင်းရတာ၊ ဦးထွေးက တစ်စက်မှ သွားချင်တာမဟုတ်ဘူး၊ ခုလည်း သူ့အမေပါ ပါသွားတယ်။ ဟိုကောင့် လက်ကပြန်ယူပြီး အမေကြီးကို အပ်ခဲ့ရမှာ၊ ဦးထွေးက ရဲဘော်စိတ် ထလာရင် လူတောင် သတ်ရဲတာ သိလား"

ဦးထွေး စိတ်ဆိုးပုံကို ပြောရင်းကပင် အကိုပါ စိတ်ဆိုးလာပြီကို ကျွန်မသိ၍ ငြိမ်နေလိုက်၏။ နှစ်ရက်မြောက်နေ့တွင်မူ ဦးထွေး အလုပ်ဆင်းလာ၏။ သူ့မျက်နှာ မသာပေ။

ကျွန်မ၏ အတောမသတ်နိုင်သော ရောဂါကြောင့် ရှမ်းပြည်တောင်ပိုင်းတစ်နေရာသို့ ဆက်လက်၍ အနားယူရန် ကျွန်မထွက်ခွာသွားရဦးမည်ဖြစ်၏။ မသွားခင် လိုအပ်သော ပစ္စည်းလေးများ ဝယ်ယူစရာ ရှိလေသည်။

"မို့ ... ခုတလော ဦးထွေးကို ကားမောင်းမခိုင်းနဲ့၊ စိတ်ထိခိုက်နေတဲ့အချိန်၊ ကားမောင်းရင် အထိအခိုက် ဖြစ်တတ်တယ်။ ကို ကိုယ်တိုင် မို့သွားချင်တဲ့ နေရာတွေ လိုက်ပို့မယ်"

အကိုက သူပြောသည့်အတိုင်းပင် ဦးထွေးကို အနားပေးကာ သူကိုယ်တိုင် ကားမောင်း၏။ ထိုအချိန်က နွေရာသီ ကျောင်းပိတ်ချိန် ဖြစ်၍ ကလေးများအတွက် အလုပ်မရှုပ်ပေ။

ကျွန်မ ခရီးမထွက်ခင် တစ်ညနေတွင်မူ ထမင်းစားပွဲ၌ ဦးထွေး၊

mgyoe.com

mgyoe.com


ကိုနှင့် ကျွန်မတို့ ဆုံမိကြ၏။ ထမင်းစားကြရင်းပင် ကျွန်မသည် အေးအေးဆေးဆေး စကားစ၏။

"ဖြစ်ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ ဦးထွေးရဲ့ စိတ်သဘောလည်း ကျွန်မတို့ သိပ်လေးစားပါတယ်။ ကျွန်မလည်း ခရီးထွက်ခါနီး ဦးထွေးလက်ကိုပဲ ဒီအိမ်ကို အပ်ခဲ့ရဦးမှာ၊ ဦးထွေး စိတ်ချမ်းသာလက်ချမ်းသာ ရှိနေရစ်စေချင်တယ်"

ဦးထွေးနှင့် ကိုသည် ကျွန်မဘာပြောမည်ကို ဆက်၍ နားစွင့်နေကြ၏။

"ဒီတော့ အမေ့ လက်ထဲမှာရှိနေတဲ့ မသန်းမေကို ဦးထွေး ပြန်ပေါင်းဖို့ စဉ်းစားစေချင်တယ်"

"ဘာ"

ဦးထွေးသည် ကြောက်စရာကောင်းသော မျက်နှာထားကြီးနှင့် ကျွန်မကို ပြန်ကြည့်၏။ ကျွန်မထံတွင် အလုပ်လုပ်နေသော အချိန်အတွင်းတွင် ဦးထွေးသည် ထိုကဲ့သို့ မျက်နှာထားမျိုးနှင့် ကျွန်မကို တစ်ခါဖူးမျှ မကြည့်ဖူးပေ။ ကျွန်မလည်း စိတ်ထဲတွင် လန့်သွား၏။

"မမှူ ... ကျွန်တော့်ကို ခင်ရင် ဒီစကားမျိုးဆက်မပြောပါနဲ့၊ ကျွန်တော်ဟာ ဗိုလ်ကြီးနဲ့ မမှူကို သွေးရင်းသားရင်းလိုချစ်လို့ ကျွန်တော် အလုပ်လုပ်ပေးနေတာ၊ ကျွန်တော့်အဖို့လည်း ဘာမှ လျှို့ဝှက်ထားစရာမရှိဘူး။ ကျွန်တော် ပြောပြမယ်။ သထုံမှာ သူ့ကို သွားခေါ်တော့ သူ့လင်ငယ်နဲ့အတူ သူ့ကို ကျွန်တော်တို့ ပက်ပင်း သွားတွေ့တယ်။ သူ့အမေရော သူ့အကိုပါ ကျွန်တော်တို့နှင့်အတူပါတယ်။ ရဲဘော်တွေလည်း ရှိတယ်ပေါ့။ အဲဒါတွေအားလုံးရှေ့မှာ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဘယ်လိုပြောတယ် အောက်မေ့လဲ "ရှင့်ကို ကျွန်မ မပေါင်းနိုင်ဘူး။ လင်ငယ်နဲ့ပဲ နေမယ်" တဲ့။ ကဲ ... သူ့အကိုသာ အသားဆတ်ဆတ်တုန်

mgyoe.com

mgyoe.com


ပြီး ရိုက်နှက် ဝင်ခေါ်ခဲ့တာ။ လင်ငယ်လည်း ပြေးရော။ အဲဒီလောက် ရက်ရက်စက်စက်ပြောတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော် ဘယ့်နှယ် လုပ် ပြန်ပေါင်းမလဲ၊ မမှုံ ကျွန်တော့်နေရာကနေ တွေးကြည့်စမ်းပါ"

သူသည် ခပ်မာမာပင်ပြောကာ လက်ဆေး၍ စားပွဲမှ ထသွားတော့သည်။ ကျွန်မလည်း ပါးစပ်အဟောင်းသားနှင့်ကျန်ရစ်၏။ ကိုက သတော့ ဒေါသပုန် ထပါတော့သည်။

"မှုံတစ်ယောက်ဟာ ကိုယ့်ဖာသာ နေတာမဟုတ်ဘူး။ သူများ လင်မယားကြား ဝင်ရှုပ်ချင်တယ်။ ဦးထွေးအနေနဲ့ စဉ်းစားကြည့်စမ်း ဘယ်လောက် အသည်းနာစရာကောင်းလဲ၊ ဦးထွေးမို့လို့ ကိုသာဆို သထုံမှာကတည်းက ဒီမိန်းမကို နုတ်နုတ်စဉ်းပြီးပြီ"

"ဩော် ... ကိုကလည်းကွယ် ဒေါသမဖြစ်ပါနဲ့၊ သူများ လင် မယားကြား ဝင်ရှုပ်တယ်ဆိုတာ လင်မယားချင်းမသင့်မတင့် ဖြစ်အောင် ပြောမှ ဝင်ရှုပ်တယ်လို့ ခေါ်တာပေါ့။ ခုဟာကတော့ ပြန်ပေါင်းစေချင်လို့ သင့်တင့်အောင် ပြောပေးတာပဲ။ မှုံတို့မှာ လူကြီးဝတ္တရားရှိသေးတယ်မို့ လား၊ သူ့မျက်နှာမကြည်သာတော့လည်း မှုံတို့ဘယ်စိတ်ချမ်းသာမလဲ"

"ဟော့ ဦးထွေး ... စိတ်ချမ်းသာအောင် နောက်တစ်ယောက်ကို ဘယ်လောက်ကုန်ကုန် တောင်းပေးမယ်လို့ ကိုယ်ပြောထားပြီးပြီ။ မှုံ ဘာသာ ခရီးထွက်မှာ အေးအေးထွက်စမ်း"

သူသည်လည်း ကျွန်မကို မာန်မဲကာ ထမင်းစားပွဲမှ ထသွားပြန်သည်။

* * *

ကျွန်မ အနားယူရာ ရှမ်းပြည်တောင်ပိုင်းသည် ချမ်းမြေ့အေးချမ်း၏။ ရာသီဥတုအေးချမ်းရုံမျှမက ရှုခင်းက သာယာပေသည်။ တောင်

mgyoe.com

mgyoe.com


ထိပ်တွင် တောင်ခိုးများဖုံးနေသော တောင်တန်းမှာ ကျွန်မတို့ အိမ်ရှေ့ဘက်တွင် ရှိ၏။ဆောင်းသို့တိုင်လျှင် ချယ်ရီပွင့်များသည် တောင်ခြေလမ်းတွင် စီရရီ ပွင့်နေကြသည်။ ကျွန်မတို့ အိမ်ကလေးကပင် တောင်ကုန်းတစ်ခု၏ ထိပ်တွင်ရှိ၍ ရှုခင်းကိုအပေါ်စီးက မြင်နေရသည်။ တောင်စောင်းတစ်နေရာ လမ်းအကွေ့တွင်မူ ဗိုလ်ကြီး စိုးမင်းသည် ဘီအိုင်အေ ဘီဒီအေ လက်ထက်ကတည်းက အကိုနှင့်အတူ ဂျပန်ပါးရိုက်ခံဘက်များ ဖြစ်ခဲ့ကြ၏။ တော်လှန်ရေးရောက်တော့လည်း လက်တွဲခဲ့သော ရဲဘော်ဟောင်းများ ဖြစ်ခဲ့သည်။ သူသည် မကြာခဏဆိုသလိုပင် ကျွန်မတို့ အိမ်သို့လာလည်၏။ ကျွန်မ၏ ကျန်းမာရေး အခြေအနေကို မေးရုံမက နေရေး၊ ထိုင်ရေး သက်သောင့်သက်သာ ဖြစ်ဖို့အတွက် အစဉ်ကူညီ၏။ သူ၏ဇနီးသည် အန္တို့ကိုမူ ကျွန်မ မတွေ့ရသေးပေ။

သို့သော် နေ့လည်သို့တိုင်လျှင် ဖျပ်လက်သွက်လက်စွာ အဝတ်များကို ဖွပ်လျှော်လှမ်းနေသော အန္တို့ကိုမူ တောင်ကုန်းပေါ်မှ လှမ်း၍ မြင်နေရလေသည်။

တစ်ညနေတွင်မူ အန္တို့ပါ ကျွန်မတို့အိမ်သို့လာရောက် လည်ပတ်၏။ အန္တို့သည် အနီးကပ်မြင်ရသောအခါ ပို၍ချစ်စရာကောင်းလေသည်။ သူ့ပါးကလေးများသည် ဖောင်းအိ၍ အစဉ်ပြုံးနေသော မျက်နှာပေးဟန် ရှိပေသည်။ တောင့်တင်းပြေပြစ်၍ ခန့်ညားသော ကိုယ်လုံးကိုယ်ဟန်မှာ ဗိုက်ကြီးကတော်-ဂိုက်ပီသပေသည်။ ဝတ်စားထားဟန်လည်း သပ်သပ်ရပ်ရပ်ရှိပေသည်။ ကလေး ၇ ယောက် အမေအဖြစ် ကသီလင်တဖရိုဖရဲဟန် သူ့တွင် မရှိပေ။

"ကျွန်မကတော့ ဒီပြတင်းကနေ အန္တို့ဘာတွေလုပ်နေတယ်ဆိုတာ အမြဲမြင်နေရတာဘဲ၊ အန္တို့ဟာ နေ့လည်မှာဆိုရင် တစ်ခါမှ နားတယ်မရှိဘူးနော်"

mgyoe.com

m.gyoe.com


အန္တဲ့သည် ကျွန်မ ညွှန်ပြသော ပြတင်းမှ သူ့အိမ်လေးကို လှမ်း၍ ကြည့်၏။

"ချက်ရေးပြုတ်ရေး ထားလိုက်ဦး၊ ဒီကလေး ၇ ယောက် အဝတ်ဖွပ်ရ လျှော်ရတာကိုက နားရတယ် မရှိဘူး၊ မှုံ့ရယ်" ဟု သူကပြုံး၍ ပြန်ပြော၏။

အန္တဲ့ပြန်သွားလျှင် အန္တဲ့အကြောင်းကို အကိုအား ကျွန်မက ချီးကျူး၍ ပြောပြ၏။

"အန္တဲ့ဟာ အိမ်ထောင်ကို နိုင်ရုံတင်မကဘူး။ ကိုစိုးမင်းက ကစားသိပ်ဝါသနာပါတယ်။ ကစားပွဲသွားချင်လို့ ငွေပေးစမ်းဆိုရင် တစ်ပြားမှ မချန်ဘူး။ အကုန်ပေး လက်ဝတ်လက်စား ချွတ်ပေးဦးဆိုလည်း တစ်ခုမကျန်ဘူး အားလုံးကြည်ကြည်သာသာ ပေးလိုက်တာဘဲ၊ သိပ်အေးတဲ့ မိန်းကလေးပဲတဲ့"

အကိုကလည်း အန္တဲ့ကိုအတော်ပင် ချစ်ခင်ဟန်ရှိ၏။ ဗိုလ်ကြီး စိုးမင်းအပေါ်တွင်လည်း ညီတစ်ယောက်လိုပင် ခင်မင်ပုံရလေသည်။

ကျွန်မသည် အိမ်တွင်းမှာပင် အချိန်ကုန်သည်ကများ၏။ ပြတင်းမှ လှမ်းမြင်ရသော ထင်ရှူးပင်များ၊ တောင်ခြေတွင် ဝိုက်၍ဝိုက်၍ စိုက်ထားသော ဒေလီယာပွင့်များနှင့် နှင်းဆီရိုင်းများသည်သာ ကျွန်မ၏ စိတ်ဖြေစရာရှုခင်းများ ဖြစ်လေသည်။ အကိုသွားရောက် လည်ပတ်ရာကိုလည်း ကျွန်မ မလိုက်ချင်ပေ။

တစ်ခါတစ်ရံ ပြတင်းတွင်ရပ်ရင်း လောကကြီးအား အမြင်နှင့်သာ ခံစားနေရသော လေဒီအော့ဖ်ရှယ်လော့တ် (The Lady of Shalott) ကဗျာထဲက ရှလော့တ်ရွာသူကို ကျွန်မ တွေးမိ၏။ ကျွန်မသည်လည်း ပြင်ပလောကကို မှန်ပြတင်းမှ ကြည့်ရင်းသာ အချိန်ကုန်ခဲ့ရလေသည်။ နှင်းမှုန်အောက်တွင် ပန်းခင်းလေးများသည် ရောင်စုံ ကော်ဇောသဖွယ်

m.gyoe.com

mgyoe.com

ပြန့်ကျယ်လှသည်။ တစ်ခါတစ်ရံ တောင်ခြေကိုပတ်၍ ခြေသွားလမ်းအတိုင်း မောင်းနှင်သွားသော နွားအုပ်နှင့် နွားကျောင်းသား ဂေါ်ရခါးလေးများကို တွေ့ရ၏။ နွားခလောက် ဒိုးဒိုးဒေါင်ဒေါင်အသံများသည် တောင်ထိပ်သို့ လွင့်ပျံ့၍ လာလေသည်။

တနင်္ဂနွေနေ့သို့တိုင်လျှင် တောင်ခြေရှိ ဘုရားရှိခိုးကျောင်းသို့ ဝတ်ပြုရန်သွားကြသော ခရစ်ယာန်ဂါဝန်ဝတ်စုံတွဲများအား ထင်းရှူးပင်များအောက်တွင် တွေ့ရလေသည်။

ကျွန်မကဲ့သို့ ပိုးမွှေးသလို မွေးနေရသော ရောဂါသည်တစ်ယောက်အား ပေါင်းသင်းနေရခြင်းမှာ အကို့အတွက် ငြီးငွေ့စရာပင် ဖြစ်သည်ဟု ကျွန်မ တွေးမိသောအခါ ကျွန်မဘဝကို ကျွန်မအတော်ပင် စိတ်ပျက်မိသည်။ ထိုအခါတွင် အိမ့်တောင်ဘက် ပြတင်းသို့ပြေး၍ အနွဲ့တို့အိမ်ဘက်သို့ ကြည့်ရ၏။ အနွဲ့သည် ရွှင်လန်းဖျတ်လတ်စွာ အိမ်အလုပ်များကို လုပ်အပြီးတွင် သူ့ကလေးငယ်များနှင့်အတူ သစ်တော်ပင်များအနီးတွင် ပြေးဆော့နေတတ်ပေသည်။

တစ်နေ့တွင် အကိုက ကျွန်မကို ထမင်းစားပွဲ တစ်ခုသို့ ခေါ်၏။

"မှုံရေ .... ဟင်လင်တို့အိမ်က ဒီနေ့ညစာ ထမင်းစား ဖိတ်ထားတယ်။ မှုံလည်းပါတယ် လိုက်မလား"

"မှုံ မလိုက်ချင်ဘူးကိုရယ်" ကျွန်မသည် ဒါပဲ ပြောလိုက်မိ၏။

"မှုံဟာ ကိုယ်တစ်ယောက်တည်း ဟင်လင်တို့အိမ်ကို လွှတ်တာ မစိုးရိမ်ဘူးလား"

ကျွန်မက ပြုံး၍နေလိုက်၏။ ဤမြို့ကလေးတွင် ဟင်လင်တို့အိမ်ဆိုလျှင် စစ်ဗိုလ်တိုင်းသိလေသည်။ အထူးသဖြင့် စစ်ဗိုလ်လူပျိုလူရွယ်များသည် ဟယ်လင်တို့အိမ်တွင် ပျော်၏။ ဟင်လင်၏ လည်ပင်းမှ ပုလဲသွယ်လေးနှင့် ဟယ်လင်၏ မျက်လုံးများ တောက်ပကြောင်းကို

mgyoe.com

mgyoe.com


သူတို့သည် ခဏခဏ စကားစပ်မိတိုင်းပြောကြသည်။ ဟယ်လင့်အမေသည် စန္ဒရားတီးတော်၍ ဟယ်လင်က သီချင်းဆိုကောင်းသည်။ကပွဲလုပ်သော ညများတွင်မူ အရက်ချိုများသောက်၍ ဟယ်လင်နှင့်တွဲကရသော စစ်ဗိုလ်လေးများသည် ထိုညကို မမေ့နိုင်ကြပေ။ ဟယ်လင့်အဖေသည် သတ္တုတွင်းသူဌေးတစ်ဦး ဖြစ်လေသည်။ စစ်ဗိုလ်ငယ်တိုင်းလိုလိုပင် ဟယ်လင်တို့အိမ်သို့ တစ်ခါရောက်ဖူးလျှင် မပြန်ချင်ဟုဆို၏။

ထို့ကြောင့်ပင် ကိုက "မှုံဟာ ကိုကိုတစ်ယောက်တည်း ဟယ်လင်တို့အိမ်ကိုလွှတ်တာ မစိုးရိမ်ဘူးလား" ဟု မေးခြင်းဖြစ်၏။

သူ့အတွက်အဝတ်အစားများကို ကျွန်မ ပြင်ဆင်ပေး၏။ မကြာမီ ဗိုလ်ကြီးစိုးမင်း လာခေါ်ကာ သူတို့နှစ်ယောက် ဟယ်လင်တို့အိမ်သို့ ထွက်သွားကြလေသည်။

ဆောင်းနှောင်းလာလျှင် ရန်ကုန်သို့ ကျွန်မ ပြန်လာခဲ့၏။ အကို့မှာမူ မလိုက်လာနိုင်ခဲ့သေးပေ။ လေဆိပ်တွင် ဦးထွေးက လာရောက်ကြို၏။ သူ့မျက်နှာသည် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ရှိ၏။

အိမ်ရောက်၍ ဦးထွေးပြန်သွားပြီးမှ ညီမငယ် မကြေးယုံက ပြောပြ၏။

"မမမှုံ၊ ဦးထွေးရယ် မသန်းမေကို ပြန်ပေါင်းပြီ"

ထိုစကားကိုကြားရ၍ ကျွန်မ မအံ့ဩပေ။ မသန်းမေကို ခွဲနေရခြင်းအတွက် ဦးထွေးစိတ်မသက်မသာ ဖြစ်နေသည်ကို ကျွန်မ ရှမ်းပြည်မသွားခင်က သိပြီးဖြစ်၏။ အမှန်စင်စစ် ဦးထွေးအဖြစ်မှာ မသန်းမေက သူ့ကိုမချစ်၍ စိတ်ညစ်စိတ်ဆိုးနေခြင်းသာ ဖြစ်ပေသည်။ သူကိုယ်တိုင်က မသန်းမေကို မုန်းခြင်းမဟုတ်သည်ကို သူ့ကိုယ်သူ မစဉ်းစားမိပေ။

ဘယ်လိုနည်းနှင့်ဖြစ်ပေစေ။ သူတို့လင်မယား ကြည်ကြည်ဖြူဖြူပြန်လည်ပေါင်းသင်းခြင်းအတွက် ကျွန်မ ဝမ်းသာမိပေသည်။

mgyoe.com

mgyoe.com


မိုးကျလာလျှင် အကိုလည်း ရှမ်းပြည်မှ ပြန်လာရ၏။

ညစာထမင်းဝိုင်းတွင် ကျွန်မတို့ အိမ်သားတစ်စု စုံစုံလင်လင်ပြန်တွေ့ကြပြန်သည်။ ယခုတစ်ကြိမ်တွင်မူ သမီးလေးသည် သူချစ်သော ဦးထွေးသတင်းကို သူကိုယ်တိုင် ပြော၏။

"ဖေဖေ ... ဦးထွေးလေ မသန်းမေနဲ့ ပြန်ညားနေပြီ"

"ဟေ"

ကိုသည် အလန့်တကြား အော်လိုက်၏။ သူ့စိတ်ထဲတွင်မူ အတော်ထူးဆန်းနေပုံရလေသည်။ ထမင်းကိုပင် ရုတ်တရက် မစားနိုင်သလို ခဏငိုင်သွားလေသည်။ ကျွန်မကမူ ပြုံး၍သာနေလေသည်။ ကျွန်မအပြုံးသည် သူ့အဖို့အများကြီး အဓိပ္ပာယ်ရှိ၏။ 'ဘယ့်နှယ့်ရှိစ၊ ပြန်ပေါင်းဖို့ မှုံပြောတုန်းက ဆရာတပည့်နှစ်ယောက် မှုံကို ဝိုင်းစိတ်ဆိုးကြ၊ အော်ကြတာ သတိရသေးသလား" ဟု မေးနေဟန်ရှိ၏။ တကယ်လည်း ထိုအဓိပ္ပာယ်နှင့် ကျွန်မ ပြုံးနေခြင်း ဖြစ်သည်။

"အံ့ရောကွယ် မှုံရယ်၊ ဦးထွေးဟာ တော်တော့်ကို ခွင့်လွှတ်နိုင်တဲ့ ရဲဘော်တစ်ယောက်ပဲ"

သူသည် အံ့သြသလို ဝမ်းနည်းသလို မကွဲပြားသော မျက်နှာထားဟန်နှင့်ဆို၏။

"သြော် ... ဒါနဲ့ မှုံ့အတွက် ဦးထွေးနဲ့မသန်းမေ သတင်းကြားရတာ ဝမ်းသာစရာဖြစ်မှာဘဲ။ အခုကိုပြောမယ့် သတင်းကတော့ မှုံ့ အတွက် ဝမ်းနည်းစရာဖြစ်လိမ့်မယ်၊ ကိုစိုးမင်းရယ် အနွဲ့ကို ကွာလိုက်ပြီ"

"ဟင်"

ယခုတစ်ခါ ကျွန်မ အလှည့်ဖြစ်၏။ တကယ်ပင် ကျွန်မလက်ထဲမှ ထမင်းလုတ်ပင်လွှတ်၍ ကျသွားသည်။

"မဟင်နဲ့မှုံ၊ ဒီလူ့ကို ကိုလည်း အတွေ့မခံရဲတော့ဘူး။ ဟယ်လင်

mgyoe.com

နဲ့ ယူကြတော့မလို့"

"ဘုရား ... ဘုရား၊ အနွဲ့ဟာ မိန်းမတစ်ယောက်အနေနဲ့ အတော့်ကို အပြစ်ကင်းတဲ့သူပဲ၊ ဖျတ်လတ်တယ်၊ သွက်လက်တယ်၊ ကလေးခုနစ်ယောက်နဲ့သာ ဖြစ်တယ်။ သိပ်သပ်ရပ်တာပဲ"

ကျွန်မသည် အနွဲ့ချိုးမွှမ်းခန်းဖွင့်ရင်း ရှမ်းပြည်တွင်နေရစဉ်က တွေ့ခဲ့ရသော အနွဲ့တို့ အိမ်ထောင်အကြောင်းကို မကြေးယုံအား ပြောပြ၏။ ကျွန်မစကားဆုံးလျှင် အကိုက သက်ပြင်းချရင်း ပြန်ပြောပြန်သည်။

"ခက်သလား မှုံရာ။ ဂျပန်ခေတ်လောက်က ပဲစားပြီး နေလာကတည်းက အနွဲ့က ပေါင်းလာတာလား၊ ခုတပ်မတော်ဗိုလ်ကြီးလခဆိုတာ ကလေးခုနစ်ယောက်ရှိတဲ့ အိမ်ထောင်အဖို့ အနည်းနဲ့အများ ကသိတာပဲ။ ဟယ်လင့်အိမ်လိုတော့ ဖဲကြောင်းဖော်နေတဲ့ စားပွဲခင်းဖြူဖြူပေါ်မှာ ငွေဇွန်းတွေနဲ့ ဘယ်စားနိုင်မလဲ၊ ဒို့ကောင်တွေက အရက်စုံမြို့ပြီး ရေဒီယိုဂရမ်က တေးသံနဲ့ က,နေရင် ပဲစားရတဲ့ ဘဝတွေ ဘာတွေ မေ့သွားရော။ ဟိုတုန်းက လယ်ကန်သင်းပေါ်မှာ အောင်ဘုဘာဝနဲ့ ပေါင်းလာတဲ့ အနွဲ့ကို ခုတော့ ကလေးခုနစ်ယောက် မွေးလို့ နို့စော်နံလာပြီထင်ပါရဲ့ကွာ"

အကိုသည် စကားပြောလျှင် အတုံးလိုက် အတစ်လိုက် ပြောတတ်၏။

"အနွဲ့မို့လို့ ကျန်းမာလို့ကလေးတွေကို ကိုယ့်နို့ကိုယ်တိုက်ပြီး မွေးနိုင်တာ၊ မှုံသာဆို ဒီလိုသာ ခလေးခုနစ်ယောက် မွေးရရင်လား နို့ဘူးဖိုးနဲ့ ဗိုလ်ကြီးလခကုန်တယ်"

ကျွန်မပြောသည်ကို မကြေးယုံက ရယ်မောလိုက်၏။ ကျွန်မကမူ မရယ်နိုင်ဘဲ ဆက်ပြောမိ၏။

"မှုံပြောရင်လည်း ကိုက မှုံတစ်ယောက်အတွေးခေါင်တယ်လို့ သိပ်ပြောတာဘဲ။ မိန်းမတစ်ယောက်အဖို့ အကြီးဆုံးအပြစ်ဟာ လင်ငယ်နေတာဘဲ။ အဲဒီလို ခွင့်မလွှတ်နိုင်လောက်အောင် ကြီးလေးတဲ့ အပြစ်မျိုး

mgyoe.com


ကျူးလွန်တဲ့ မသန်းမေကိုတော့ ရဲဘော်ဦးထွေးကြီးဟာ ပြန်ပေါင်းတယ်။ အနွဲ့မှာ အပြစ်ရှိချင်လည်း ရှိမယ်။ ဒါပေမဲ့ မသန်းမေလောက် ခွင့်မလွှတ်နိုင်စွမ်းတဲ့ အပြစ်မျိုးတော့ အနွဲ့မှာ မရှိဘူး။ ဒါကိုတော့ ဗိုလ်ကြီး စိုးမင်းဟာ ကွာပစ်တယ်။ ယောက်ျားတွေဟာ တော်တော်ဆန်းတဲ့ လူတွေပဲ"

ကျွန်မစကားဆုံးလျှင် မကြေးယုံက စကားစတော့သည်။

"မကြေးယုံသာ ပါဠိတတ်ရင်တော့ ယောက်ျားတွေကို ဝိဂြိုဟ်ပြုချင်တယ်"

"ဘာ"

အကိုက မကြေးယုံစကားကို တအံ့တဩနှင့် မေးဟန်ပြုလိုက်၏။

"ဒါပေမဲ့ မကြေးယုံမှ ပါဠိမတတ်ဘဲ။ ဒီတော့ ငယ်ငယ်တုန်းက ပထဝီသင်သလို အဓိပ္ပာယ်ရှင်းပြရရင် "ယောက်ျားဆိုသည်ကား ကြီးလေးသော အပြစ်များကို ကျူးလွန်သူအား ခွင့်လွှတ်နိုင်၍ အသေးအဖွဲ့အပြစ်များကို ကျူးလွန်သူအား ခွင့်မလွှတ်နိုင်သူကို ယောက်ျားဟုခေါ်သည်" ဟုပြောလိုက်၏။

သူ့စကားဆုံးလျှင် အကိုက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

ကျွန်မကမူ မရယ်နိုင်ပါပေ။ ဤရဲဘော်ဦးထွေးနှင့် ဗိုလ်ကြီးစိုးမင်းအကြောင်းမှာ ကျွန်မ အတွေးဝယ် အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်ခဲ့ပါတော့၏။

"ယခုမှပင် ဦးထွေးမျက်နှာသည် ကျက်သရေရှိသည်" ဆိုသော အကို၏ 'ကျက်သရေ" ဆိုသော သဘောကို ကျွန်မ ဝိတဝါးတွေးမိပါတော့သည်။

သို့သော် "ယောက်ျားများသည် ဘာကို မက်မောတတ်ပါသလဲ" ဟူသော မေးခွန်း၏အဖြေကိုမူ ကျွန်မ ယခုထိ မသိသေးပေ။

❑

mgyoe.com

mgyoe.com

# ယောက်ျားတို့အကြောင်း

အမှတ် (၃)

ကလောမှ ရန်ကုန်သို့ ရထားထွက်ချိန်သည် စောလွန်းလှသည်။ ရထားတွဲထဲတွင် မီးရောင်မှာ ဝိုးတိုးဝါးတားသာ လင်းနေ၍ တစ်ယောက်မျက်နှာကိုတစ်ယောက် သဲကွဲစွာ မမြင်ရပေ။ သို့သော် ထိုနေ့က ကျွန်မတို့တွဲထဲတွင် ဗိုလ်ကြီးလင်မယား တစ်စုံတွဲ၊ ကလေးငယ် တစ်ယောက်နှင့် မိန်းကလေး တစ်ယောက်ပါလာမည်ဟု ကျွန်မ ကြိုတင်သိရှိပြီး ဖြစ်သည်။

ကျွန်မတို့ဇနီးမောင်နှံ နှစ်ယောက်နှင့်ပေါင်းပါမှ အားလုံးလူ ၆ ယောက်တည်းရှိမည်ဖြစ်၍ ချောင်ချိစွာ သွားနိုင်ပေသည်။ ရန်ကုန်မှ ကျွန်မတို့ကို လာခေါ်သော ရဲဘော်သက်ဖေမှာ တတိယတန်းတွင် စီးနင်းလိုက်ပါလာ၏။

ကျွန်မစိတ်ထဲတွင် ယခုတစ်ခေါက် ရန်ကုန်သို့ဆင်းလာရခြင်းကို စိတ်ပျော်လက်ပျော် မရှိပေ။ ပစ္စည်းများနေရာချပြီး ကျွန်မတို့ဘက်ကူရှင်ထောင့်တွင် ကျွန်မတစ်ယောက်တည်း ကွေး၍ လိုက်ပါလာ၏။ ကလောမှထွက်စက ရာသီဥတုကလည်း အေးမြနေသည်။ အပြင်တွင် မိုးကလည်း စိုစွတ်၍ မှောင်နေသောကြောင့် ဘာကိုမျှ မမြင်ရပေ။ တစ်ဖက်ကူရှင်တွင် ဗိုလ်ကြီးကတော်နှင့် စကားပြောတတ်စကလေးငယ်၊

mgyoe.com

mgyoe.com


အဖော်မိန်းကလေးတို့သည် စကားပြောလိုက်လာ၏။ သူတို့၏ ရုပ်ရည်ဝတ်စားဟန်များကို ကျွန်မ သဲကွဲစွာ မမြင်ရသေးပေ၏။ ကျွန်မအတွေးနှင့် ကျွန်မလိုက်လာသောကြောင့် ဂရုမပြုမိခြင်း ဖြစ်ပေသည်။

ကျွန်မတွေးလာသူမှာ ဦးလေး ဦးအောင်မြင် ဖြစ်လေသည်။ သူနှင့် ကျွန်မ သွေးမစပ်ကြသော်လည်း သူ့ကို ကျွန်မတို့ညီအမက ဦးလေးဟု ခေါ်၏။ သွေးရင်းသားရင်း ဦးလေးကဲ့သို့ပင် ကျွန်မတို့ကို ဦးလေးသည် အစဉ်စောင့်ရှောက်၏။ လူတစ်ယောက်တွင် အရေးအကြီးဆုံးအချိန်မှာ နာရေးဖြစ်၏။ ကျွန်မသည် ဘယ်ဘဝက ဘာဆုတောင်းခဲ့မှန်း မသိပေ။ ကျွန်မတို့ မိသားစုထဲတွင် တစ်ယောက်ယောက်ဆုံးတိုင်း ကျွန်မလက်ပေါ်တွင် အသက်ပျောက်၍ ကျွန်မကိုယ်တိုင် သင်္ဂြိုဟ်ခဲ့ရသည်ကများ၏။ အကိုဝမ်းကွဲအိမ်သို့ သွားရောက်လည်ပတ်စဉ် တစ်ချိန်ကပင် အံ့သြဖွယ် အဖြစ်တစ်ခု ဖြစ်ခဲ့ရသည်။ အကို၏ဖခင်မှာ တစ်အိမ်နေသည်။ ထိုနေ့က ဝါဆိုဦးဖြစ်၍ အကိုကြီးက သူ့အိမ်သို့ ဖခင်ကိုခေါ်ကာ ထမင်းကျွေးကန်တော့ပြီး တရားဆွေးနွေးသည်။ ပြီးလျှင် ကျွန်မနှင့်ခဏထားခဲ့ပြီး အပြင်ရှိ ဧည့်သည်များနှင့်စကားပြောနေ၏။ ဘကြီးမှာ ဘယ်လိုဖြစ်လာသည်မသိ ကျွန်မအား သူ့ရင်ကိုဖိပေးပါဆို၍ ဖိလိုက်သည့် **ခဏတွင်ပင်** အသက်ပျောက်သွားတော့သည်။

ကျွန်မသည် ထိုကဲ့သို့ အနိဋ္ဌာရုံ အဖြစ်အပျက်များကို ခဏခဏ ကြုံရပါ၏။ ကြုံခဲ့တိုင်းလည်း အနားတွင် အဖော်မရှိ။ တစ်ကိုယ်တည်း ကြုံတတ်လေသည်။

အစ်မအကြီး ဆုံးစဉ်ကလည်း ကျွန်မတို့တွင် ဆွေမျိုးအင်အားတောင့်တင်း၏။ တစ်စုံတစ်ခုဖြစ်လာလျှင် တယ်လီဖုန်းဆက်ရန် ဆွေမျိုးတိုင်းက မှာထား၏။ သို့သော် မမစ၍မမာသည့်အချိန်မှစ၍ ဆေးရုံရေခဲတိုက်သို့သွင်းသည့်အချိန်ထိ ဘယ်တယ်လီဖုန်းမှ ဆက်၍မရ။

mgyoe.com

mgyoe.com

အားလုံးပျက်နေ၏။

ထိုအချိန်တွင် ဦးလေးသည် ဘယ်ကပေါက်လာသည်မသိ။ အင်မတန်အားငယ်သော တစ်ယောက်တည်းသော ကျွန်မအပေါ်တွင် သူသည် စောင့်၍ အားပေး၏။ နောက်ဆုံး မြေချသည့်အချိန်အထိ ဦးလေးသည် အစမှအဆုံး ဆောင်ရွက်ပေး၏။ မေမေဆေးရုံတက်စဉ်၊ ဖေဖေအကြီးအကျယ်ခွဲစိတ်ကုသခံရစဉ်၊ မကြေးယုံ လည်ပင်းခွဲရစဉ်အခါများသည်လည်း ကျွန်မအတွက် သေရေးရှင်ရေး၊ သေမင်းနှင့်အပြိုင် အင်အားလုရ၍ အသက်များကို ရယူချိန်တွင်လည်း ဦးလေးသည် ကျွန်မအပေါ်တွင် အမြဲရှိခဲ့၏။ သူ၏ ချိုပြုံးသောမျက်နှာ အေးဆေးသောဟန်များနှင့် ကျွန်မအား အားပေးကူညီခဲ့သည်။

"မကြေးမုံ့ရေ ... အားမငယ်နဲ့နော်၊ ဟောဒီ သွေးတစ်ပုလင်းကုန်သွားရင် မကြေးယုံဟာ စိတ်ချရပြီ"

ကျွန်မသည် ထိုစဉ်က အသက်မျှပင် မရှူနိုင်။ အထွေးဆုံးဖြစ်သော ညီမလေး အသက်မှ ပြန်ရှင်ပါဦးမည်လေဟူသောအတွေးနှင့် မျက်တောင်မခတ် စိုက်၍ကြည့်နေမိ၏။ ဦးလေးကား ကျွန်မ၏စိတ်အချောက်ချားရဆုံး အချိန်များတိုင်းတွင် အားကိုးရာ မှီခိုရာဖြစ်ခဲ့၏။

နောင်အခါသော် ဦးလေးကို မြင်ရတိုင်း မြင်ရတိုင်း ကျွန်မ စိတ်နှလုံး အေးမြသွား၏။ သူသည် အရပ်မြင့်၍ ရင်အုပ်ကျယ်၏။ ငယ်စဉ်က ပထမကမ္ဘာစစ်တွင် စစ်မှုထမ်းဟောင်းတစ်ယောက်ဖြစ်ခဲ့၍ လုပတောင့်တင်းသော ကိုယ်ခန္ဓာကို ပိုင်ခဲ့သောလူငယ်တစ်ယောက်ဖြစ်ခဲ့သည်။ ယခုသော် ဦးလေးဆံပင်များသည် ဖြူလာခဲ့၍ ကျယ်ပြန့်သော ရင်အုပ်ကြီးများသည်လည်း အသားဆိုင်များ လျော့ပါးလာခဲ့သည်။ သို့သော် သူ့မျက်နှာပြုံးချိုချိုမှာမူ ယခုထိဟန်မပျက်သေးပေ။ အသက်ငါးဆယ်ကျော်သော်လည်း အိမ်ထောင်မပြုသေးပေ။

mgyoe.com

mgyoe.com


ကျွန်မတစ်ယောက်တည်း မဟုတ်။ အကူအညီကိုလို၍ တစ်စုံတစ်ယောက်က သွားရောက်တောင်းခံတိုင်း ဦးလေးသည် ပြုံးရွှင်စွာနှင့် တတ်နိုင်သလောက် ကူညီခဲ့သည်က များလေသည်။ တစ်ခါက ကလေးတစ်ယောက်ကို ဆေးကုပေးရင်းမှ သေသွားသောကြောင့် သူအားလုံး မြေမြှုပ်သည်အထိ စရိတ်ခံလိုက်၏။

သို့သော် ယခုဦးလေးကား မရှိတော့ပေ။ ဦးလေးဆုံးကြောင်း ကြားရသောနေ့က ကျွန်မသည် ဆတ်ဆတ်ခါသွား၏။ အားကိုးရာမဲ့တော့သလိုပင် ဖြစ်သွားတော့သည်။ ချစ်၍လည်း ငိုမိသည်။ အားကိုးရာမဲ့၍လည်း ငိုမိတော့သည်။

ကိုက ချက်ချင်းလိုပင် "တို့များ ဦးလေးကို သင်္ဂြိုဟ်ထိုက်တယ်။ သူဟာ ဒို့အတွက်ဆို သွေးမစပ်တဲ့အဖေဘဲ။ ကဲ ... ပစ္စည်းတွေပြင်" ဟု ပြော၏။ ကျွန်မတို့သည်လည်း ချက်ချင်းပင် ရန်ကုန်သို့ထွက်လာခဲ့ခြင်းဖြစ်သည်။ တခြားနီးစပ်သော ဆွေမျိုးများသည် ကျွန်မမျက်မှောက်တွင်ပင် အသက်ကုန်ဆုံးတတ်ကြပါလျက်နှင့် ကျွန်မဘဝတွင် အလွန်အားထားရသော ဦးလေးသည် ကျွန်မမျက်ကွယ်တွင် အသက်စွန့်လွှတ်သွားရှာ၏။ သူ၏နောက်ဆုံးအချိန်ကို ကျွန်မ မတွေ့လိုက်ရခြင်းအတွက် ကျွန်မ ယူကျုံးမရ ဖြစ်နေမိသည်။

မီးရထားအပြင်သည် လင်းစပြုလာ၍ ကျောက်တောင်ကုန်းလေးများနှင့် စိန်ခြယ်ပန်းများ၊ ခရမ်းရောင်မော်လမြိုင်ပန်းကလေးများကို မြင်လာရလေသည်။ ယခင်က ဤတောင်ကုန်းတောင်တန်းများကို ဝေ့ကာဝိုက်ကာ မီးရထားနှင့် ဆင်းလာရတိုင်း ပန်းချုံလေးများကို ကြည့်ကာ ပျော်ရွှင်လာမိသည်။ "ရန်ကုန်ရောက်လျှင်" ဟူသော အတွေးကလည်း စိတ်ကိုမြူးကြွ၍ လာစေသည်။

ယခုတော့ ကျွန်မစိတ်များသည် ပန်းလေးများအလှကိုပင်

mgyoe.com

mgyoe.com


စိတ်မဝင်စားတော့ပေ။ ညိုမှောင်သော တောင်တန်းကြီးများသည် ကျွန်မ၏ နွမ်းသောစိတ်ကိုပို၍ ညှိုးလျအောင် ဖန်တီးနေတော့သည်။

"မှုံရေ ... ဟောဒီက ဗိုလ်ကြီးမင်းမောင်တဲ့၊ ဟောဒါက ဗိုလ်ကြီး ကတော်"

ကိုသည် မီးရထားတွဲထဲ အလင်းရောင်ဝလာ၍ တစ်ဦးနှင့်တစ်ဦး သဲကွဲစွာမြင်ရပြီဖြစ်၍ မိတ်ဆက်ပေးဟန်ရှိ၏။ ကျွန်မလည်း ယခုမှပင် ကျွန်မတစ်ယောက်တည်း အတွေးကြွယ်နေသောအဖြစ်ကို ရပ်လိုက်ရသည်။ မိုးမလင်းခင်က အတူတစ်တွဲတည်း ရထားစီးလာပါလျက် အင်္ဂလန်ပြည်သားကြီးများကို နှုတ်ဆိတ်နေမိသော ကျွန်မအဖြစ်အတွက် ကျွန်မ အားနာသွား၏။ ဗိုလ်ကြီးကတော်ကိုရော ဗိုလ်ကြီးကိုပါ ပြုံးပြ၍ ကျွန်မနှုတ်ဆိတ်နေမိကြောင်းကို တောင်းပန်လိုက်ရ၏။

ဗိုလ်ကြီးမင်းမောင်သည် အရပ်မြင့်၍ အလုံးအဖန်တောင့်တင်းသည်။ သူ့မျက်နှာသည်ရှင်၍ တောက်ပသည်။ ထူးထူးခြားခြား မျက်လုံးက တောက်ပသည်။ နှာတံပေါ်သည်၊ နဖူးကျယ်သည်ဟူ၍ သီးခြားတော့ ဖော်ပြ၍မရပေ။ သို့သော် အားလုံးသော မျက်နှာပေါ်ရှိ ဤ မျက်လုံး၊ မျက်ခုံး၊ နှာတံများနှင့်မေးရိုးကျပုံများမှာ နှစ်လိုဖွယ်ရှိသော လူတစ်ယောက်ဖြစ်ကြောင်း ပုံဖော်နေကြ၏။

ဗိုလ်ကြီးကတော်ကမူ နု၍ပျော့သော အသွင်ရှိသည်။ ကော့ရရော့ဖြစ်နေသော ဆံပင်မှာ နဖူးပေါ်တွင် တစ်ဝက်ကျနေလေသည်။ ကျန်တစ်ဝက်မှာမူ ညာဘက်ဦးထိပ်တွင် မြင့်၍တက်သွားသည်။ ဆံပင်အလှကို ကောင်းမွန်စွာ သထားပုံရလေသည်။ သေးသွယ်သော မျက်နှာလေးပေါ်တွင် သူ့မျက်လုံးလေးများသည် ဝိုင်းစက်စွာရှိကြသော်လည်း မျက်လုံးအရောင်ကမူ ထူးထူးခြားခြား တောက်ပခြင်းမရှိပေ။ သို့သော် ကော့သော မျက်တောင်နှင့် ကွေးညွတ်သောမျက်ခုံးများက သူ့မျက်လုံးပုံကို ဖို့၍

mgyoe.com

mgyoe.com


လှအောင် လုပ်ပေးနေလေသည်။ နှာတံမှာ သေး၍ပေါ်သည်။ အပေါ်မှ ဝတ်ထားသော ဆွယ်တာမှာ ထူနေ၍ ဗိုလ်ကြီးကတော်၏ ရင်သားအလှကိုမူ မမြင်ရပေ။ သို့သော် သူတို့နှစ်ယောက်သည် ဗိုလ်ကြီးမင်းမောင်က ကြံ့ခိုင်တောင့်တင်းသော ယောကျ်ားအလှကိုပိုင်သလို ဗိုလ်ကြီးကတော်က နုပျော့၍ သေးသောအရုပ်ကလေးလိုလှသူဖြစ်သည်။

သူတို့သားအဖသုံးယောက်တွင် ကျွန်မတို့နှစ်ယောက်၏ စိတ်ကို အလှုပ်ရှားနိုင်ဆုံးမှာ ကလေးထိန်းမိန်းကလေး၏လက်ပေါ်ရှိ ကလေးငယ်ဖြစ်ပေသည်။

ကလေးကိုမြင်စက ယောကျ်ားလား မိန်းမလားဟု ကျွန်မ မဝေခွဲတတ်ပေ။ သူ့ဖခင်၏ မျက်နှာသွင်ပြင်ရော၊ ဟန်ပန်အမူအရာကိုပါ သူရထားသူလေး ဖြစ်၏။ နောက်မှပင် မိန်းကလေးမှန်း သိရသည်။ စကားပြောတတ်ခါစပင် ရှိသေး၏။ သို့သော် စကားတစ်လုံးမှ မပြောဘဲ ကျွန်မတို့နှစ်ယောက်ကို ကြည့်နေသော ဟန်လေးကပင် 'သူ့အား ခေါ်ယူ ချီပွေ့စေလိုကြောင်း၊ သူသည်လည်း ကျွန်မတို့နှင့်အတူ စကားပြောလိုကြောင်း' ပြောနေဟန်ရှိ၏။

ဆယ်မိနစ်လောက်အကြာတွင် ကိုသည် မနေနိုင်တော့ပေ။ သူ့ကို ဆွဲယူပွေ့ချီလိုက်ရ၏။ သူသည် ပျော်ရွှင်စွာ ကျွန်မတို့ ကူရှင်ပေါ်သို့ ရောက်လာသည်။ သူ့လက်ထဲမှ ငွေလက်ကောက်ကလေးအကြောင်းကိုလည်း မပီကလာပီကလာ ပြောပြ၏။ တစ်ခါတစ်ရံ ပြတင်းပေါက်ကို ကိုင်ကာထ,၍ ခုန်၏။ သူ့စိတ်အလွန်ချမ်းမြေ့ပျော်ရွှင် နေပုံပေါ်လေသည်။ သတင်းစာကိုဖတ်ရင်းမှ စကားပြောနေကြသော ဗိုလ်ကြီးနှင့်ကိုမှာ တစ်ခါတစ်ရံ သူတို့စကားနှင့်သူတို့ စိတ်ဝင်စားလာချိန်တွင် ကလေးငယ်သည် ကို၏ပေါင်ပေါ်မှာ သွားထိုင်လိုက်ပြီး သူ့ရင်ဘတ်ကို သူပုတ်၍ ကို့မေးစေ့လေးကို ကိုင်ကာပြော၏။

mgyoe.com

mgyoe.com


"ဒီကိုလည်း ကြည့်ပါဦး"

ကျွန်မတို့မှာ ကလေးစကားပြောဟန်ကိုကြည့်ကာ ရယ်ရတော့သည်။ သူ့ဖခင်အပေါ်တွင် ကိုက စိတ်သိပ်ဝင်စား၍ သူ့ကို သတိမေ့နေသည်ကို ကြိုက်ဟန်မတူ။

"ဟုတ်ပါရဲ့ ... လူကြီး လူကောင်းကို စကားမပြောမိဘူး" ဆို၍ ကိုက ပွေ့ကာချီလိုက်သည့်အခါတွင်မှ ကလေးသည် ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။ ကျွန်မသည်လည်း ကလေးနှင့်အလုပ်ရှုပ်နေ၍ ဦးလေးအကြောင်းကို ဆက်မတွေးအားပေ။

ဗိုလ်ကြီးကတော်မှာမူ တိုင်းရင်းမေ စာအုပ်ကိုဖတ်ကာ သူနေမြဲနေရာတွင်ပင် ထိုင်၍လိုက်ပါလာ၏။ ရထားသည် တောင်တန်းတောင်ကုန်းများကို ဖြတ်ကျော်၍ မြေပြန့်သို့ ဆင်းစပြုလာသည်။

"ဟောဒီအချိန် သမီးလေး ဆာတော့မယ်"

ဗိုလ်ကြီးမင်းမောင်သည် လက်ထဲမှ သတင်းစာကိုချကာ နေရာမှ ထလိုက်၏။ ခေါင်းပေါ်ရှိ စင်ပေါ်မှ ခြင်းတောင်းတစ်ခုကို ဆွဲချ၍ ဇလုံငယ်တစ်ခုကို ယူလိုက်၏။ ကလေးမလေးကို ဆေးရန် ဇလုံငယ်တစ်ခုကို ပေးလိုက်သည်။ ပြီးလျှင် ဇလုံထဲသို့ အသင့်ယူလာသော ချိုင့်ထဲမှ ထမင်းကို ထည့်လိုက်၏။ ဆားအနည်းငယ်ဖြူး၍ ပုဇွန်အသားများနှင့်ရောနယ်လိုက်၏။

"ကဲ .... လာလာ သမီးလေး"

ကလေးကို ကို့လက်ပေါ်မှ လှမ်းယူကာ ထမင်းစ, ကျွေးတော့သည်။ ကလေးထိန်းမိန်းကလေးမှာ ထမင်းလုံးများ မဖိတ်စင်ရန်စောင့်လုပ်ပေးသည်ကလွဲ၍ ဘာမျှမလုပ်ပေ။ ကလေးက မစားချင်သလိုလို ချေးများသည့်အခါ ဗိုလ်ကြီးမင်းမောင်သည် ကိုယ်တိုင်စားပြလိုက်ရင်း

"ကောင်းလိုက်တာကွယ်၊ ပုဇွန်အနှစ်လေး သမီးက ဒါမှစားချင်

mgyoe.com

mgyoe.com


တာကိုး"

သူသည် ချိုင့်ထဲမှ ပုဇွန်များကို ထပ်ထည့်ပြန်ကာ ကလေးစားချင်အောင် ဇွန်းလေးနှင့် မွှေလိုက်ပြန်၏။ ကျွန်မကား ဝမ်းထဲမှပြုံးမိ၏။ ကလေးထမင်းကျွေးနေသော ဗိုလ်ကြီးကိုကြည့်ကာ သဘောကျနေမိသည်။ ထမင်းစားပြီးလျှင် ကလေးမလေးက ဇလုံကိုသိမ်းသွား၏။

ကလေးပါးစပ်နှင့်လက်များကို သန့်သွားအောင် ဗိုလ်ကြီးက လုပ်ပေး၏။ ထမင်းစားပြီးလျှင် မရွှေချောလေးသည် ကျွန်မတို့လက်ထဲသို့ ရောက်လာပြန်သည်။

ရာသီဥတုသည် ပူနွေးလာ၏။ သာစည်ဘူတာသို့ မီးရထားလည်း ဆိုက်လာပြီ။ ကျွန်မတို့လူစုသည် မန္တလေးမှစုံလာသော မီးရထားတွဲကို ပြောင်းစီးရမည်ဖြစ်သည်။ ကျွန်မတို့မှာ နှစ်ယောက်တည်း ခေတ္တလာသည်မို့ အိပ်ရာလိပ်တစ်ခု၊ လက်ဆွဲအိတ်တစ်လုံးသာ ပါသည်။ ကျွန်မတို့ မန္တလေးမီးရထားတွဲပေါ်သို့ ချက်ချင်းပင် ရောက်လာ၏။ ဗိုလ်ကြီးမင်းမောင်ကတော်လည်း လိုက်ပါလာကာ သူတို့ဘက်ကူရှင်ပေါ်တွင် ထိုင်လိုက်၏။ ကလေးကို ကလေးမလေးက ချီလာသည်။ ဗိုလ်ကြီးမင်းမောင်သည် အိမ်ပါပြောင်းလာသည်မို့ ပစ္စည်းကများသည်။ ရထားဆိုက်ချိန်ကလည်း သိပ်မကြာပေ။

ထင်းရှူးပုံးအကြီးအငယ်၊ တောင်း၊ ခြင်းတောင်း၊ အိပ်ရာလိပ်၊ ဖာ၊ မျိုးကို စုံနေပေတော့သည်။ သူ့ရဲဘော်ရော ကုလီပါမက သူကိုယ်တိုင် တစ်ခုပြီးတစ်ခု သယ်တင်လာ၏။ သာစည်မှာ အလွန်ပူသောကြောင့် ဗိုလ်ကြီးမင်းမောင် တစ်ကိုယ်လုံးတွင် ချွေးများရွှဲနေသည်။ သို့နှင့် ပစ္စည်းများလည်း မကုန်သေး။ ဘူလိနတ်စများမှာ ပလက်ဖောင်းပေါ်တွင် ရှိရစ်သေးသည်။

"မှုံရေ ... ဗိုလ်ကြီးမင်းမောင်တော့ ဖားနေပြီ၊ ကိုကူလိုက်ဦးမယ်"

mgyoe.com

mgyoe.com


ကိုသည်လည်း မနေသာတော့ဘဲ ထင်းရှူးပုံးများကို ကူသယ်ရသည်။ အရေးထဲတွင် မရွှေချောလေးသည် ကျယ်ကျယ်လောင်လောင် ငိုတော့သည်။ ကလေးမလေးကလည်း ချော့၍ မရ။ ရာသီဥတုအပြောင်းမြန်သည်ကို ကလေးက ကြိုက်ပုံမရပေ။

"ခင် ... ကလေးသိပ်ငိုနေတယ်ကွ ချော့လိုက်ပါဦး"

ထင်းရှူးပုံးတစ်ခုကို ပခုံးပေါ်ထမ်း၍ တွဲပေါ်တက်လာသော ဗိုလ်ကြီးမင်းမောင်က သမီးငိုသံကြား၍ စိတ်ညစ်သွားဟန်ရှိလေသည်။

"အို ... ပူလွန်းလို့ လူများမောရတဲ့အပေါ်မှာ"

ဗိုလ်ကြီးကတော်သည် ကရမက်ယပ်တောင်လေးနှင့်ဆွယ်တာချွတ်ထားသော သူ့ကိုယ်လုံးလေးကို ဖြည်းညင်းစွာ ခပ်ရင်းပြောလိုက်၏။ ကလေးမှာ ဆက်ငိုဆဲပင် ဖြစ်တော့သည်။

"ခင်ကလည်းကွာ သယ်နေရတဲ့ သူတွေကမမော၊ ခင်ကမောနေတယ် ... ဟဲ ... ဟဲ"

ဗိုလ်ကြီးကား ရယ်ကာလက်ထဲမှ ထင်းရှူးပုံးကိုချ၍ နောက်တစ်ပုံးသယ်ရန် ပလက်ဖောင်းပေါ်သို့ ပြေးဆင်းပြန်သည်။ မရွှေချောလေးသည် ငိုရာမှ ကျွန်မပေါင်ပေါ်သို့ ရောက်လာ၏။ သူ့အငိုတိတ်အောင် သာစည်ဘူတာ လာရောင်းသော ခြင်းလုံးများ ဝယ်ပေးရ၏။

"ရော့ ... ကောင်မလေး ... ဒါ ... နင့်ဖာမို့လား"

ဗိုလ်ကြီးမင်းမောင်သည် လက်ထဲမှဖာတစ်လုံးကို ကလေးထိန်းမလေးအား လှမ်းပေးလိုက်၏။ သူတို့ပစ္စည်းများ အားလုံးပြီးလျှင်ပင် ရထားစ, ထွက်တော့သည်။ ဗိုလ်ကြီးတစ်ကိုယ်လုံးသည် ချွေးများရေချိုးထားသလို စိုနေလေသည်။ ကိုသည်လည်း အပေါ်ဝတ်အင်္ကျီများ ချွတ်လိုက်ရ၏။

"ခင် ... သမီးငိုတာ မုန့်ဆာလို့ ထင်တယ်။ မုန့်ကျွေးပြီး သိပ်လိုက်

mgyoe.com

mgyoe.com


ရအောင် သူ့မုန့်ဘယ်မှာထားလဲ"

"ခြင်းထဲမှာ"

ဗိုလ်ကြီးကတော်သည် ယပ်တောင်တစ်ဖက်မှ ခတ်ကာ တိုင်းရင်းမေ ဂျာနယ်ကို ကြည့်ရင်းပြောလိုက်၏။

ပစ္စည်းများကား အစီအစဉ်လိုက်မဟုတ်တော့ ခြင်းလေးလည်း ဘယ်ကြားရောက်နေမှန်းမသိတော့ ဗိုလ်ကြီးမင်းမောင်သည် ထ,ကာ အဖော်မိန်းကလေးနှင့်အတူ ရှာပြန်သည်။ အထုပ်အပိုးများ ဟိုဖွဒီဖွလုပ်ပြီးမှ ကလေးအစားအသောက်ထည့်သော ခြင်းလေးမှာ ပေါ်လာ၏။ ဗိုလ်ကြီးသည် ပခုံးထမ်းကာ ချော့သိပ်၏။ မရွှေချောလေးမှာ မျက်တောင်စင်းလာသည်။

"မိပု … ခလေးအိပ်ရာခင်း"

ဗိုလ်ကြီးက ပြောလိုက်၏။ ကလေးမလေးက ဗိုလ်ကြီးကတော် ခြေရင်းဘက်တွင် ကလေးအတွက် အိပ်ရာပြင်လိုက်၏။ ဗိုလ်ကြီးသည် ကလေးကို ကိုယ်တိုင်သိပ်ကာ ဘေးမှ မှန်ပြတင်းကိုလည်း ပိတ်လိုက်သည်။ ကျွန်မကား ဗိုလ်ကြီးမင်းမောင်၏ လုပ်ပုံကိုင်ပုံများကို ကြည့်ကာ စိတ်ထဲမှာကြည်ညိုလာ၏။

တောင်ငူတွင် ညအိပ်ကာ မီးရထားသည် ဆက်ထွက်လာ၏။ ကော်ဖီနှင့်မုန့်များကို တောင်ငူဘူတာတွင် စားလာကြသည်။ ဗိုလ်ကြီးသည် နံနက်က သွားမတိုက်ဘဲ မုန့်စားလာဟန်ရှိ၏။

"ကျွန်တော်ဖြင့် ခုမှသွားတိုက် မျက်နှာသစ်ရမယ်၊ မုတ်ဆိတ်မွေးလည်းရိတ်ရဦးမယ်၊ ခင်ရေ … ကိုတို့ သွားပွတ်တံတွေရော"

"လက်ဆွဲအိတ်ထဲမှာ"

ဗိုလ်ကြီးကတော်သည် သူ့ဆံပင်ကို သပ်ရပ်စွာပြင်ရင်းမှ ပြောလိုက်၏။ ဗိုလ်ကြီးသည် ကုရှင်အောက်ရှိ လက်ဆွဲအိတ်တစ်လုံးထဲမှ ပစ္စည်း

mgyoe.com

mgyoe.com


များကို တစ်ခုပြီးတစ်ခု ထုတ်တော့သည်။ သို့သော် သူနှိုက်သော ပစ္စည်းများမှာ သူလိုချင်သောအရာများ မဟုတ်ပေ။ ဆယ်မိနစ်လောက် တကုန်းကုန်းနှင့် ရှာဖွေနေသော ဗိုလ်ကြီးအဖြစ်ကို ကျွန်မ ရယ်ချင်လာ၏။ ကျွန်မ၌ သိုသိပ်သော အမူအရာမရှိပေ။ ထို့ကြောင့် ကျွန်မသည် အသံထွက်အောင်ရယ်လိုက်မိ၏။ မိတ်ဆွေသစ်ကြီး မရွှေချောလေးအား ချိထားသော ကိုက ကျွန်မရယ်သည်ကို အမိပွာယ်ပေါက်သွား၏။

"ဗိုလ်ကြီးမင်းမောင် ရှာမနေနဲ့တော့ ဟိုမှာ ကျွန်တော့် အလိပ်ထဲမှာ အားလုံးကိရိယာအစုံပါတယ်။ ယူသုံးလေ"

ဗိုလ်ကြီးမင်းမောင်လည်း ဆက်ရှာရန်လက်လျှော့လိုက်ပုံရ၏။ အကို၏ စစ်ဗိုလ်များဆောင်သော ပတ်တူအလိပ်ထဲမှာ မုတ်ဆိတ်ရိတ်ဓား၊ သွားတိုက်ဆေးများကို ယူသုံးတော့သည်။

ထမင်းစားပြီးချိန်တွင် အားလုံးနားကာ အိပ်စက်နေကြသည်။ မရွှေချောလေးသည်လည်း ဗိုလ်ကြီးကတော် ခြေရင်းအိပ်ယာထက်တွင် အိပ်ပျော်နေလေသည်။

ကျွန်မတစ်ယောက်ပင် မအိပ်ဘဲ ကူရှင်ကိုမှီကာ ရထားပြတင်းအပြင်ကို ကြည့်၍လိုက်မိလာ၏။ ရထားတွဲအတွင်း မြင်ကွင်းများမှ စိတ်အာရုံပြောင်းကာ ဦးလေးကို ပြန်လည်သတိရပြန်သည်။

နောက်ဆုံးတစ်ခါ ဦးလေးနှင့် တွေ့ကြစဉ်က ဦးလေးသည် မမာစ, ပြုနေလေပြီ။ သူ့အဆုတ်တစ်ခြမ်းသည် ဆန်ခါကျနေပြီ ဖြစ်ကြောင်း ဆရာဝန်ထံမှ ကျွန်မသိရှိရပြီး ဖြစ်လေသည်။ တွေ့ကြသော ထိုနေ့က ဦးလေးသည် သူ့ခေါင်းအုံးအောက်မှ စာလေးတစ်စောင်ကို ကျွန်မလက်ထဲသို့ ထည့်သည်။

လက်ရေးကိုမြင်ရုံနှင့် အန်တီမာ၏ စာမှန်း ကျွန်မ သိ၏။ စင်စစ် အန်တီမာနှင့်ကျွန်မသာ သွေးတော်စပ်ကြလေသည်။ အန်တီမာသည်

mgyoe.com

မေမေ၏နှစ်ဝမ်းကွဲညီမတစ်ယောက်ဖြစ်ကာ ပိုက်ဆံချမ်းသာသောတစ်ဦး တည်းသောသမီး ဖြစ်လေသည်။ ဦးလေးသည် အန်တီမာ၏စာကို ကျွန်မဖတ်စေသော ဆန္ဒရှိလေသည်။ ကျွန်မသည် စာလေးကိုဖတ်ရင်း စိတ်မကောင်းဖြစ်သွားသည်။ စာမှာအရှည်ကြီးရေးထားသော်လည်း အောက်မှမျဉ်းတားထားသော စာကြောင်းလေး သုံးလေးကြောင်းကို ကျွန်မအတော် သဘောကျမိ၏။ ဦးလေးသည်လည်း ထိုစာကြောင်း လေးကို သဘောကျကာ အောက်မှမျဉ်းတားထားဟန်တူပေသည်။

မောင်ရယ် ...

မာ့မိဘတွေဆီကရမယ့် အမွေတွေကို မက်မောလို့ မောင့်ကို လက်မထပ်တာလားဆိုတဲ့ မေးခွန်းကို ဖြေပါရစေ။ မာဟာ မေမေတို့ ဖေဖေတို့ထံကရမယ့် အမွေကို မောင့်ခေါင်းက ဆံဖြူတစ်ချောင်းလောက် တောင် မမက်ဘူးဆိုတာ ယုံပါ။ စာမှာ အရှည်ကြီးပင် ရေးထား၏။ သို့သော် ... ဤအပိုဒ်လေးကိုသာ ကျွန်မ သဘောကျလေသည်။

"မင်းရဲ့ အန်တီမာ မိန်းမလိမ္မာကြီးလေ။ သူ့ရဲ့ မိဘအပေါ် လေးစားတဲ့ စိတ်ကို ဦးလေး ချီးကျူးပါတယ်။ ဒါကြောင့် ဦးလေးလည်း သူနဲ့အပြိုင် သစ္စာရှိပြတာပေါ့"

ထိုနေ့က စာလေးထုတ်ပြပြီး ဦးလေးက ထိုစကားလုံးများကို ပြော ပြ၏။ ကျွန်မအသက်ရှူမဝသလို မောလျသွားမိ၏။ ဦးလေးနှင့်အန်တီ မာကား ငယ်ရွယ်သူများမဟုတ်ကြတော့။ ဦးလေးက ငါးဆယ်ကျော်၍ အန်တီမာက လေးဆယ်ကျော်ပေပြီ။ ထို့ကြောင့် အန်တီမာသည် သူ့စာ တွင် 'ဆံဖြူတစ်ချောင်း' ဟူသော စကားလုံးကို သုံးလိုက်ခြင်းဖြစ်၏။ သူတို့သည် ဤဆံပင်လေးများနှင့် လျပျော့ပျောင်း၍ ပိတုန်းရောင်တောက် စအချိန်က မေတ္တာမျှခဲ့ကြသည်။ ယခုအချိန်တွင် ဦးလေးခေါင်းဝယ် ဆံပင်ဖြူများ ဝေနေကြလေပြီ။ အန်တီမာသည် ခေါင်းမာလေသလော။

mgyoe.com

ပျော့ညံ့လေသလား။ ကျွန်မလည်း မတွေးတတ်ပေ။

အန်တီမာ့ မိဘများက မျက်ရည်သွယ်သွယ်ကျ၍ ဦးလေးကို မယူစေကြောင်း ပြောချိန်တွင် အန်တီမာကပြန်ပြောသော စကားများသည် သူတို့အချစ်ဇာတ်လမ်း၏ အရေးကြီးသော အခန်းဖြစ်ခဲ့၏။

"ဖေဖေတို့မေမေတို့ အသက်ရှင်သ၍ မာမောင့်ကို မယူပါဘူး။ အဲဒီအချိန်အတွင်းမှာလည်း မာ့ကို ဘယ်ယောက်ျားနဲ့မှ ဖေဖေတို့မှ မပေးစားရဘူး"

ထိုစကားလုံးများဖြင့် အန်တီမာသည် မိဘကိုလည်း ကျေနပ်စေခဲ့၏။ လာစပ်သော ဘိလပ်ပြန်များရန်ကိုလည်းတားခဲ့ကာ ဦးလေးနှင့်လည်း "မတတ်သာ ခပ်ခွာခွာနေရဦးစို့၊ မုန်းလို့ ဟုတ်ဘူး .... " ဟူသော ဇာတ်ကို ခင်းခဲ့လေသည်။ သို့သော် စာများကိုမူ တစ်နည်းနှင့် မရောက် တစ်နည်းနှင့်ရောက်အောင် အန်တီမာသည် ဦးလေးထံသို့ ပို့ခဲ့၏။

ဦးလေးသည် စစ်ပြန်ကြီးတစ်ယောက်ဖြစ်ကာ ကြင်နာတတ်သော နှလုံးသားကလွဲ၍ ပိုင်ဆိုင်သော ပစ္စည်းမရှိပေ။ အန်တီမာ မိသားစုများက သိန်းချီချမ်းသာကြသည်။ သူတို့သည် နှလုံးသားထက် ငွေကိုတန်ဖိုးထားကြသူများ ဖြစ်လေသည်။

ယခုတော့ ဦးလေးက အရင်ဆုံးကာ အန်တီမာမိဘများသည် ငွေပုံပေါ်တွင် ကျန်းမာစွာ ရှိနေကြဆဲဖြစ်၏။

ကျွန်မသည် တွေးရင်း ရင်ထဲမှာနာလာ၍ မျက်ရည်များလည်း တွေတွေကျလာသည်။ ဝတ္ထုသာဆိုလျှင် မိဘများဆုံးသည်အထိ စောင့်ပြီး အိုကြီးအိုမ အရွယ်ကျကာမှ သစ္စာရှိစွာ ပေါင်းကြရသော ချစ်သူနှစ်ဦးဇာတ်လမ်းမှာ ကြည်နူးဖွယ်အလွန်ကောင်းပေမည်။

ယခုတော့ တွေးသည့် ကျွန်မပင်ရင်ထဲမှာ ဆို့နင့်၍လာသည်။

mgyoe.com

mgyoe.com


တစ်တွဲလုံးတိတ်ဆိတ်၍ အိပ်မောကျနေချိန်တွင် ကျွန်မသည် တစ်ယောက်တည်း ငိုနေမိသည်။

ရန်ကုန်ကို ဝင်ခါနီးမှတွဲထဲတွင် ပြန်လည်လှုပ်ရှားလာလေသည်။ ရန်ကုန်အဝင်တွင်မှ ဗိုလ်ကြီးမင်းမောင်သည် ပစ္စည်းအားလုံးသိမ်းပြီး သူ့ကိုယ်ကိုလည်း သပ်ရပ်စွာပြင်ဆင်ပြီး ဖြစ်လေသည်။ ရထားဆိုက်လျှင် ကျွန်မတို့ နှစ်ယောက်အား အိမ်အထိ ဗိုလ်ကြီးမင်းမောင်က လိုက်ပို့၏။

ကျွန်မတို့သည် ချစ်ဖွယ်ကောင်းသော မရွှေချောလေးနှင့်ခွဲခွာလာခဲ့ကြသည်။

* * *

အိမ်ရောက်လျှင် ပစ္စည်းများထားကာ ဦးလေးမြေပုံသို့ သွားရောက်ကန်တော့ကြသည်။ ဤမြေပုံအောက်ဝယ် ဦးလေး၏ အရိုးနှင့်အသားများသည် မကြာမီဆွေးမြေ့ ကွယ်ပျောက်သွားကြတော့မည်။ သို့သော် သူသည် သူ၏ချစ်မေတ္တာကိုမူ ဤလောကဝယ် ထားရစ်ခဲ့သည်။

စစ်မြေပြင်တွင် ရဲဘော်များကျဆုံးသောအခါ အားတင်းနိုင်သည်ဟု ဆိုသောကိုသည် ဦးလေးမြေပုံကို ကန်တော့ချိန်တွင် မျက်ရည်များတွေတွေကျလာ၏။

အမှန်တော့ တစ်ချိန်သောအခါတွင် ဦးလေးသည်လည်း ပြောင်မြောက်စွာစစ်ပွဲများတွင် တိုက်ခိုက်ခဲ့သော စစ်သားဟောင်းတစ်ဦး ဖြစ်ခဲ့ပါ၏။

ကျွန်မတို့ ပြန်လာခဲ့သည်။

နောက်နေ့တွင် အန်တီမာနှင့်ကျွန်မ သွားရောက်တွေ့ဆုံ၏။ အန်တီမာသည် ကျွန်မပခုံးများကို တင်းကြပ်စွာဖက်၍ ငိုပါသည်။ ဤငိုပွဲ

mgyoe.com

mgyoe.com


ကို တွေ့ရမည်ဟု ကျွန်မကြိုတင် တွေးမိပြီး ဖြစ်ပါသည်။

"သူတို့ အန်တီမာကို ပြောမပြကြဘူး" အန်တီမာသည် ယူကျုံးမရစွာ ပြောရင်းငို၏။ နောက်ဆုံးအချိန်တွင်မှု ဦးလေးကို အန်တီမာ မတွေ့လိုက်ရပေ။

"တစ်သက်မှာတော့ မင်းဦးလေးလိုလူမျိုး အန်တီမာတွေ့မှာ မဟုတ်ပါဘူး။ အန်တီမာဟာ ယောက်ျားတွေကို ထင်ခဲ့တယ်။ သူတို့ဟာ အသည်းနှလုံးထဲမှာ တကယ်ချစ်တဲ့ မိန်းမတစ်ယောက်ရှိသလို သူတို့ ကိုယ်ခန္ဓာဆန္ဒကို ဖြေဖျောက်ဖို့မိန်းမတစ်ယောက်ကိုတော့ ယူကြစမြဲပဲလို့"

"ဦးလေးဟာ အဲဒီလိုမျိုး မဟုတ်ပါဘူး"

ကျွန်မက တစ်လုံးချင်း အန်တီမာကို ပြန်ပြောလိုက်၏။

"ဒါကြောင့် အန်တီမာ ပိုပြီးရင်နာတာပေါ့ မိရွှေမှုံရယ်။ အန်တီမာရော၊ မေမေတို့ရော သေရင်လေ ရွှေတွေငွေတွေအများကြီး ထားခဲ့မယ်။ ဒါပေမဲ့ ကျန်ရစ်သူတွေက အန်တီမာတို့ကို ငွေမက်တဲ့တစ်ပွဲစားဥစ္စာစောင့်မကြီးတွေလို့ သတ်မှတ်မှာပဲ။ မင့်ဦးလေးက သူနဲ့ ဆက်ဆံတဲ့လူတိုင်းအပေါ်မှာ ဘယ်တော့မှ မပျောက်ပျက်တဲ့ ချစ်မေတ္တာတရားကို ထားခဲ့တယ်"

အန်တီမာက ဆက်၍ ငိုပါသည်။ သူကျေနပ်ရအောင် ငိုသည်အထိ ကျွန်မ စောင့်၍နေရစ်၏။ ကျွန်မနှင့်အန်တီမာ ဦးလေးအပေါ်တွင် ယူဆချက်မှာကား တစ်သဘောတည်းကျလေသည်။ ကျွန်မ ပြန်ခါနီးတွင် အန်တီမာ၏ ပါးပေါ်မှမျက်ရည်များကို ကျွန်မလက်ကိုင်ပုဝါလေးနှင့် ကိုယ်တိုင်သုတ်ပေးလိုက်၏။

အန်တီမာ၏ ဖြူနုသောပါးမို့လေးများသည် အိုကြောင်းများထင်လာ၍ မျက်လုံးအောက်၌ အရစ်များသည် ထူထပ်လာကြသည်။ နား

mgyoe.com

mgyoe.com

ထင်စပ်တွင် ဖြူသောဆံစလေးများသည် ပြိုးပြိုးပြောက်ပြောက် ပေါ်နေကြလေသည်။

သြော် ... အချစ်ဆိုသည့် သဘောကလည်း ငယ်သည်ကြီးသည် မဟုတ်၊ နှလုံးသားကို ပူပန်စေတတ်သည်တကား ....

ညစာထမင်းဝိုင်းတွင် ညီမ မကြေးယုံက ဦးလေးနှင့်အန်တီမာ အကြောင်း စကားစပြောပြန်သည်။ ဦးလေး မမာပုံ၊ နောက်ဆုံး သွေးများ အန်၍ ဆုံးသွားပုံ၊ အန်တီမာနှင့် မတွေ့လိုက်ကြရကြောင်း၊ အန်တီမာ မိဘများက ဦးလေးမမာသည်ကိုပင် အန်တီမာ မသိအောင်ဖုံးထားပုံကို ပြောပြ၏။

ထိုထမင်းစားဝိုင်းတွင် ကို မပါပေ။ ကျွန်မတို့ ထမင်းစားဆဲတွင်မှ ကိုသည် မောကြီးပန်းကြီးနှင့် အပြင်မှ ပြန်လာ၏။

"ဆာလိုက်တာ မှုံရာ ... ကိုတော့ ရေမချိုးတော့ဘူး တစ်ခါတည်း စားမယ်"

သူသည် ထမင်းဝိုင်းကို ဝင်ထိုင်လိုက်၏။

"ကို ဘယ်သွားနေလဲ၊ မှုံဖြင့် တစ်နေ့ခင်းလုံး အန်တီမာနဲ့ ငိုနေကြတယ်"

"အေး ... မှုံက အန်တီမာနဲ့ ငိုနေတုန်း ကိုယ်က ရဲဘော်သက်ဖေနဲ့ ရယ်နေရတယ်"

"ဆိုစမ်းပါဦး အန်တီမာတို့အကြောင်းက ပြောပြဖို့ မလိုပါဘူး။ ရဲဘော်သက်ဖေ ဘာဖြစ်လို့လဲ"

"အေးပါ မှုံတို့အမျိုး ငွေမက်သူတွေအကြောင်းတော့ ကိုလည်း မကြားချင်ပါဘူး"

ကိုသည် အန်တီမာ့ မိဘများကို အတော်စိတ်နာနေဟန်ရှိ၏။ သူ့ ရဲဘော်အကြောင်း ဆက်ပြော၏။

mgyoe.com

mgyoe.com


"လက်စသတ်တော့ ကလောကို သူလိုက်သာလာတယ်။ ဘာမှလည်းမပြော၊ ဦးလေးကြောင့်ပဲ လာသလိုလို ဘာလိုလိုနဲ့ ဒီမနက်မှ ကိုယ်တော်ချောက "ဗိုလ်ကြီး စိတ်ထိခိုက်တာ အသာထားပြီး မိန်းမ တောင်းပေးစမ်းပါ ..." တဲ့။

"ဘာ"

ကျွန်မရော မကြေးယုံပါ အံ့အားသင့်သွားကြ၏။

"အဲဒါနဲ့ ကိုလည်း မှုံပြန်လာတဲ့အထိ မစောင့်ဘဲ တစ်ခါတည်း လိုက်သွားရတာ။ သူ့ဟာက တောင်းတောင်းယူယူကို။ အခုတစ်ခါ တည်း သတို့သမီးအိမ်မှာ ထားခဲ့ရတယ်"

"တစ်ခါတည်း မင်္ဂလာဆောင်လိုက်တယ် ဆိုပါတော့။ သတို့ သမီးကို မှုံလည်း သွားကြည့်ရဦးမယ်"

"သွားကြည့်မှဖြစ်မှာ ဒီကိုတော့ လာမှာမဟုတ်ဘူး"

"ဘာဖြစ်လို့"

"ကိုဖြင့် အစကကိုယ်ရဲ့ ရဲဘော်တွေထဲမှာ ဦးထွေးဟာ ကြည်ညို စရာကောင်းတယ်လို့ ယူဆနေတုန်း၊ ရဲဘော်သက်ဖေက စံချိန်ချိုးသွား ပြီ။ သူယူတဲ့ မိန်းကလေးက အသားဖြူဖြူ မျက်လုံးတစ်ဖက်က တိမ်စွဲ ပြီး ပျက်နေတယ်၊ မမြင်ရဘူး။ ခြေထောက်က နှစ်ဖက်စလုံးမသန်လို့ သတို့သမီးထတော့ လူတွဲထရတယ်။ လမ်းမလျှောက်နိုင်ဘူး။ မိန်းမ တစ်ယောက်ဟာ ပေါင်းနေရင်းက ရောဂါရလာပြီး မကွာတော့ရင် ဒီ ယောကျ်ားကို၊ ကို ဒီလောက် မချီးကျူးဘူး။ ခုတော့ မျက်စိတစ်ဖက် လပ်၊ လမ်းမလျှောက်နိုင်အောင် ခြေမသန်တဲ့ မိန်းကလေးကို လူကြီးစုံ ရာနဲ့ ကိုသက်ဖေက တောင်းယူတယ်ကွာ"

ကိုသည် သူ့ရဲ့ ရဲဘော်သက်ဖေကို အားရပါးရချီးကျူးကာ ပြော နေတော့သည်။ ကျွန်မ၏ ညီမငယ် မဖလော်ဆော်ဖိကမူ ငေးငိုင်၍

mgyoe.com

mgyoe.com


နားထောင်နေရာမှ …

"ဦးလေးတို့ရဲ့ ရဲဘော်သက်ဖေတို့ အကြောင်းကြားရတော့လည်း ယောကျ်ားတွေရဲ့ အချစ်ဟာ 'မျက်လုံး' 'လျှာ' နဲ့ 'ခန္ဓာကိုယ်' အပေါ်မှာပဲ ရှိတယ်လို့ တွက်လို့ မဖြစ်ပြန်ဘူး" ဟု ဆိုပြန်၏။

အကယ်၍သာ မီးရထားတွဲပေါ်တွင် ရှောင်တခင် ကျွန်မတွေ့ခဲ့ရသော မိန်းမကို ရှွေလိုဥထားသည့် ဗိုလ်ကြီးမင်းမောင်အကြောင်းကို ညီမငယ် မကြေးယုံသိပါလျှင်မူ ယောကျ်ားတို့အကြောင်းကို သူဘယ်လို စိတ္တာရချဲ့မည် မသိပေ။

❑

mgyoe.com

mgyoe.com

# ယောက်ျားတို့အကြောင်း

"ချစ်သူဆိုတာ လရောင်အောက်မှာ ရှာသင့်တယ်…။ တကယ် လက်ထပ်သင့်တဲ့ လူကိုတော့ နေရောင်အောက်မှာ ရှာသင့်တယ်"

အမှတ် (၄)

ကျွန်မ စိတ်အထိခိုက်ဆုံးနေ့မှာ သီတင်းကျွတ်ပွဲတော်အတွက် ကျောင်းပိတ်ပြီးနောက် ပြန်လည်ဖွင့်လှစ်သော လပြည့်ကျော် ၂ ရက်နေ့ ဖြစ်ပါသည်။

ကျွန်မတို့မြို့သည် ဒိစတြိတ်မြို့လေးဖြစ်၍ ကျွန်မတို့ ကျောင်းမှာလည်း အစိုးရအထောက်အပံ့ခံ အလယ်တန်းကျောင်းတစ်ကျောင်း ဖြစ်သည်။

ကျောင်းစဖွင့်သောနေ့တွင် စာသင်တန်းများကို စ၍ မသင်သေးပါ။ အတန်းထဲတွင် များသောအားဖြင့် ကျွန်မတို့စကားများများ ပြောချိန်ရသည်ဟု ဆိုရပေမည်။ ဆရာမသည် ကျွန်မတို့အား ဂဏန်းသုံးပုဒ်လောက်ကို တွက်ခိုင်းထား၍ သူကိုယ်တိုင်က ကျောင်းအလုပ်တစ်ခုခုအတွက် အလုပ်ရှုပ်နေပုံရပေသည်။ ဂဏန်းတွက်ပြီးချိန်တွင် ကျွန်မတို့သည် စကားကို တိုးတိုးလေးပြောကြ၏။

ထွန်းထွန်းက နောက်ခုံမှ ကွန်ပါဘူးအသစ်ကလေးကို ကျွန်မကို ပြ၏။

mgyoe.com

mgyoe.com


"မအေးမေ ... အဲဒါလေ ဖေဖေသီတင်းကျွတ် ရန်ကုန်သွားတုန်းက ဝယ်လာခဲ့တာ ဆရာ"

ကျွန်မစိတ်ထဲတွင် ပြောင်လက်နေသော ကွန်ပါဘူးလေးသည် ကျွန်မကို ပြောင်လှောင်နေသလို ထင်ပေသည်။ ရုတ်တရက် ထွန်းထွန်းကို ဘာမှ ပြန်မဖြေပါ။ ငိုင်၍ပင် ကြည့်နေမိပေသည်။

"ငကြွားလေး"

ကျွန်မဘေးမှ မမြထွေးက ထွန်းထွန်းကို ပြောလိုက်၏။

"အောင်မယ် ငါကကြွားတာ မဟုတ်ဘဲ ငါကွန်ပါဗူးကျောင်းမပိတ်ခင်ကတည်းက ပျောက်သွားတာ မအေးမေ သိသားဘဲ။ ဒါကြောင့် ဖေဖေက ကျောင်းပိတ်တုန်း ရန်ကုန်သွားရင်း ဝယ်လာတာလို့ ပြောတာပါ"

မမြတ်ထွေးက တခစ်ခစ်ရယ်၏။

"တို့တော့ ကျောင်းပိတ်ရက်တုန်းက ဖေဖေနဲ့အတူ ပုဂံဘက်သွားတယ်သိလား။ ဘုရားတွေ လျှောက်ဖူးတာပေါ့။ ပုဂံက ဘုရားပုံတွေ ငါဝယ်လာတယ်။ မင်းတော့ မပေးဘူး။ ငါ မအေးမေကို ဘူးဘုရားတစ်ပုံ ပေးမလို့"

မမြထွေးသည် စကားပြောလျှင် ကလေးဆန်ပေသည်။ သို့သော် သူသည် ကျွန်မကို အလွန်ချစ်သည်။ သူ့တွင် ဘာကိုဘဲရရ ကျွန်မအား ခွဲဝေပေးတတ်သည်။ ယခုလည်း သူ့စာအုပ်ကြားထဲမှ ဗူးဘုရားပုံ ရောင်စုံဆေးခြယ်ထားသည့် ဓာတ်ပုံလေးကို ကျွန်မလက်ထဲသို့ ထည့်လိုက်၏။ ထွန်းထွန်းက မြင်လိုဇောနှင့် ကျွန်မလက်ထဲကပုံကို လှမ်း၍ ကြည့်နေလေသည်။

"ရော့ပါဟာ ကြည့်ပါ"

ကျွန်မသည် ထွန်းထွန်းလက်ထဲသို့ ဘုရားပုံကို ထည့်လိုက်ပါ

mgyoe.com

mgyoe.com


သည်။ ယောက်ျားလေး သူငယ်ချင်းများတွင် ထွန်းသည် ကျွန်မတို့အား အလွန်ခင်သော သူငယ်လေးတစ်ယောက်ဖြစ်ပေသည်။

"ကဲဟေ့ ... ဂဏန်းတွက်ပြီးကြပလား"

ဆရာမ အသံပေါ်လာမှ ကျွန်မတို့သည် ဆရာမဘက်သို့ အာရုံပြောင်းလိုက်ကြ၏။

"တွက်ပြီးပါပြီ ဆရာမ"

"ဂဏန်းစာအုပ်တွေကို ထွန်းထွန်းလိုက်သိမ်းပြီး ဒီမှာလာ ပုံ။ ကျန်တဲ့ အချိန်တစ်နာရီကို မင်းတို့ စာစီစာကုံးရေးကြ၊ ရေးရမယ့် အကြောင်းကတော့ "သီတင်းကျွတ် ကျောင်းပိတ်ရက်" အဲဒီအကြောင်းဘဲ"

ဆရာမ စကားဆုံးလျှင် ကျောင်းသူ ကျောင်းသား အားလုံးသည် ရေးဖို့ ပြင်ကြ၏။

"ငါတော့ သီတင်းကျွတ်ကျောင်းပိတ်ရက်အတွင်း ဖေဖေနဲ့ ပုဂံကို ဘုရားဖူးသွားတဲ့အကြောင်း ရေးမယ်"

မမြထွေးက သွက်လက်စွာဆို၏။

သူတို့အားလုံး စာစီစာကုံးကို စတင်ရေးနေကြပေပြီ။ ကျွန်မသည် ဘာရေးမှန်းမသိသလို ငိုင်နေ၏။ သီတင်းကျွတ်ကျောင်းပိတ်ရက်သည် ကျွန်မအဖို့ စာကြည့်သည်ကလွဲ၍ ဘာမှမထူးခြားပါပေ။ အိမ်တွင်လည်း သီတင်းကျွတ်ပွဲတော်နှင့်တူအောင် ဘာမှ မယ်မယ်ရရ မလုပ်နိုင်ကြပေ။ မေမေဈေးမှ ဝယ်လာသော ရောင်စုံစက္ကူငါးမူးဖိုးကို ဖိုးဖိုးက ဝါးလေးများ သတ်ကာ မီးပုံးချိုး၏။ ဂျုံမှုန့်ဆယ်ပြားဖိုးကို ကျွန်မကိုကြိုခိုင်း၏။ မြေး အဖိုး ၂ ယောက် ဖုံရှည်လေးလိုချိုးထားသော ဝါးကွင်းလေးများတွင် ရောင်စုံစက္ကူကို ကပ်လိုက်ပါသည်။ ဖွားဖွားက ဇလပ်ပန်းများရောင်း၍ စုထားသော ပိုက်ဆံနှင့် သူဝယ်ထားသော ဖယောင်းတိုင် ၆ ထုပ်ကို

mgyoe.com

mgyoe.com


ယူ လာ၏။

"ငါ့မြေးရေ ... ညရောက်ရင် ဖယောင်းတိုင် ၂ ထုပ်ထွန်းကွယ့်။ ၃ ရက်ဆိုတော့ အားလုံး ၆ ထုပ်အတိပဲ"

ဖွားဖွားက ဖယောင်းတိုင်ထုပ်များကို ဖောက်ရင်း ကျွန်မကို ပြော၏။ ထိုသီတင်းကျွတ်ရက်များက ကျွန်မတို့အိမ်တွင် ဖွားဖွားနှင့်ဖိုးဖိုး အစွမ်းကြောင့် မီးပုံးလေးများ လက်လက်မြင်နေရပေသည်။ ဒီလိုနှင့် ကျွန်မတို့ မိသားစု၏ သီတင်းကျွတ် ပွဲတော်ရက်ကို ကုန်ဆုံးစေခဲ့ရပေသည်။

"မအေးမေ ... ရေးလေ"

ထွန်းထွန်းက ဆို၏။

"ငါဘာရေးရမှန်း မသိဘူး"

"ဘာဖြစ်ဖြစ် ရေးချလိုက်ပေါ့ဟာ"

ထွန်းထွန်းက ကျွန်မ စာစီစာကုံးမပြီးမှာကို စိုးရိမ်ပုံရလေသည်။ ကျွန်မသည် မမြထွေးရေးနေသည်ကို စိုက်ကြည့်မိ၏။ သူ့တွင် ရေးစရာများလှဘိသည်။ မမြထွေးသည် ရောဝတီမြစ်လှပပုံ၊ ပုဂံဘုရားများ ကြည်ညိုဖွယ် ကောင်းပုံများကို ရေးနေ၏။ သီတင်းကျွတ် ကျောင်းပိတ်ရက်သည် နှစ်လယ်ဖြစ်၍ စာမေးပွဲနှင့်လည်း ဝေးသောကြောင့် ယခုကဲ့သို့ ဘုရားဖူး သို့မဟုတ် ဒေသန္တရဗဟုသုတအတွက် ခရီးထွက်သင့်ကြောင်း မမြထွေးသည် နိဂုံးချုပ်ထား၏။

"ငါတော့ ယောက်ျားလေးဆိုတော့ ဖေဖေဝယ်လာတဲ့ ဂျပန်မီးပုံးတွေ ထိန်နေအောင် ထွန်းပြီး ပြောက်အိုးဖောက်ရတာ ပျော်တဲ့အကြောင်းတွေ ရေးနေတယ်။ မအေးမေရော စရေးပါတော့"

သူသည် တကယ်ပင် ကျွန်မကိုစာစီစာကုံး မပြီးမှာစိုးသော စေတနာအပြည့်နှင့် ရေးခိုင်းနေ၏။ ကျွန်မသည် သူတို့အားလုံး တစ်ဝက်

mgyoe.com

mgyoe.com


လောက်ရောက်မှ စိတ်ပေါက်ပေါက်နှင့် စ၍ ရေး၏။

ကျွန်မစာစီစာကုံးသည် ဘယ်လိုဖြစ်မည်ဟူ၍ မပြောတတ်ပေ။ ဖိုးဖိုးမီးပုံးချိုးပေးသည့် အကြောင်းအရာ ဖွားဖွား၏ ဖရောင်းတိုင်ထုပ် ဝယ်ဖို့ ပိုက်ဆံစုပုံကိုပါ ထည့်ရေး၏။ နောက်ဆုံးနိဂုံးချုပ်တွင်မူ "သီတင်းကျွတ်ကျောင်းပိတ်ရက်သည် ပျော်စရာကောင်းသော ပွဲတော်ရက်ဖြစ်ကြောင်း၊ ကျွန်မသူငယ်ချင်းများမှာ မိဘများနှင့် ခရီးထွက်သူထွက် အိမ်တွင် သူတို့မိဘများ ဝယ်ပေးသော မီးပုံးရောင်စုံများ ထွန်းညှိကာ ဖြောက်အိုးများဖောက် မီးပန်းများသစ်ပင်များတွင် ချိတ်ဆွဲ၍ ကစားရသောကြောင့် ပျော်စရာကောင်းကြောင်း၊ ကျွန်မအဖို့တော့ မပျော်ပါ။ ကျွန်မပျော်ရွှင်ဖို့ ပစ္စည်းများ ဝယ်ပေးမည့် ဖေဖေမရှိသောကြောင့် ဖြစ်ပါသည်" ဟု တုံးတိတိပင် ကျွန်မရေးကာ စာစီစာကုံးကို အဆုံးသတ်လိုက်ပါသည်။

ကျောင်းဆင်းလျှင် ကျောင်းသားတွေက သူဘာရေးသည် ငါဘာရေးသည်နှင့် ပြောလာကြ၏။ မမြထွေးနှင့်ထွန်းထွန်းကလည်း သူတို့ဖေဖေများဝယ်ပေးသည့် ပစ္စည်းများအကြောင်း ပြောလာကြသည်။ ကျွန်မရင်ထဲတွင်မူ သူတို့က ဖေဖေ ဖေဖေဟု စကားလုံးသုံးတိုင်း ဝမ်းနည်းသလို အခံရခက်သလို ဖြစ်လာသည်။ လမ်းခွဲ၍ မမြထွေး သူ့အိမ်ဘက်ကို ချိုးသွားလျှင် ထွန်းထွန်းနှင့် ကျွန်မသည် တစ်လမ်းတည်း ဆက်လျှောက်လာကြ၏။ ကျွန်မတို့သည် တစ်လမ်းတည်းနေသော်လည်း လေးငါးအိမ်ခြား၏။

"မအေးမေ ဘာလို့ ငိုင်နေတာလဲ၊ ငါ့ ကွန်ပါဘူးလေး ပြလိုက်ကတည်းက မင်းမျက်နှာက ညှိုးနေတာဘဲ၊ မင်းဘူးက ဟောင်းနေလို့လား"

ကျွန်မ၏ ဒီဂရီတိုင်းသော စက်ဝိုင်းခြမ်းလေးမှာ သံချေးအထပ်ထပ် တက်နေသည်ကို သူသိ၏။

mgyoe.com

ဂျော်မက်ထရီ အချိန်ကျရင် ထွန်းထွန်းကွန်ပါဘူးကို မင်းကို ပေးကိုင်ပါ့မယ်ဟာ"

သူသည် ကျွန်မကို စိတ်အားတက်အောင် ပြောနေပေသည်။ ထိုနေ့က အိမ်ပြန်ရောက်ချိန်တွင် စာမကြည့်ချင်ရုံမက အိမ်အလုပ်ကိုပင် ကူ၍ မလုပ်ချင်ပေ။ စိတ်ထဲတွင် ဖေဖေဆိုသည့် စကားလုံးကိုရွတ်၍ ရွတ်၍ ဆိုကြည့်၏။

"ဖေဖေ" ဆိုသည့် စကားလုံးသည် လူပင်ကိုယ် ပင်မကြီးကို မတွေ့ရသည်ထား။ စကားလုံးရွတ်ဆိုကြည့်ရသည်ကပင် အားတက်စရာ ကောင်းသလိုဖြစ်နေသည်။

နောက်တစ်ပတ် စာစီစာကုံးအချိန်တွင် ဆရာမသည် စာစီစာကုံး အကြောင်းပြောပြရင်း ကျွန်မစာစီစာကုံးမှာ အကောင်းဆုံးဖြစ်ကြောင်း ပြောပြ၏။ ကျွန်မသည် နားထောင်ရင်း မျက်ရည်များစီးကျလာသည်။ ဆရာမ ဘာတွေဆက်ပြောသည်ကို မကြားလိုက်တော့ပါ။

ကျောင်းဆင်းချိန်တွင် အားလုံးကျောင်းသားများ အတန်းထဲမှ အားလုံးထွက်သွား၏။ ထွန်းထွန်းနှင့်မမြထွေးသာ ကျွန်မအပါးတွင် ကျန်ရစ်သည်။

မမြထွေးက ကျွန်မစာစီစာကုံးကို ဖတ်ကြည့်နေ၏။ ထွန်းထွန်းက လည်း အတူယှဉ်၍ ထိုင်ဖတ်၏။ မမြထွေးသည် ဖတ်ပြီးလျှင် ကျွန်မကို မော်ကြည့်လိုက်၏။

"မင်းရေးတာက အကြောင်းအရာရိုးရိုးလေးကို စိတ်ထိခိုက်အောင် ရေးထားတာကိုး၊ ဒါကြောင့် ကောင်းတာ။ မင်းတို့နေရစ်ခဲ့ဦး။ ကိုယ်မုန့် သွားဝယ်ဦးမယ်"

မမြထွေးထွက်သွားတော့မှ ထွန်းထွန်းသည် ကျွန်မစာအုပ်လေးကို ပိတ်၍ အသာကိုင်ထားရင်း ကျွန်မမျက်လုံးများကို စိုက်ကြည့်ပါသည်။

mgyoe.com

mgyoe.com


"ဘာဖြစ်လို့ ငိုရတာလည်း မအေးမေရယ်။ စာစီစာကုံး အကောင်းဆုံးရေးနိုင်တာ ဝမ်းမသာဘူးလား"

"ဝမ်းတော့သာတာပေါ့။ ဒါပေမဲ့ အဲဒီရေးတဲ့နေ့က မင်းတို့က 'ဖေဖေ ...' 'ဖေဖေ ...' နဲ့ ဖေဖေဆိုတဲ့ စကားလုံးတွေ မိုးမွှန်အောင်ပြောနေတာကို ကိုယ့်စိတ်ထဲမှာ တွေးမိတာပေါ့။ ငါ့မှာသာ ဖေဖေရှိရင်လည်း သူတို့လိုဘဲ သီတင်းကျွတ်ဟာ ပျော်စရာကောင်းမှာလို့"

"ခုကောဟာ ဖအေမရှိလို့ မင်းဘာဖြစ်လဲ။ တို့လိုဘဲ စာသင်နိုင်တာဘဲ။ အတန်းထဲမှာ မင်းဟာ တို့ထက်တောင် တော်သေး"

သူက ကျွန်မစိတ်ဓာတ်တက်ကြွအောင် ပြောပါသည်။

"ဩော် ... ဒါပေမဲ့ အဖေဆိုတာ ရှိသင့်ရှိထိုက်တဲ့ ပုဂ္ဂိုလ်လို့ ကိုယ့်စိတ်က ထင်နေတာကိုး ထွန်းထွန်းရဲ့"

"ရှိသင့်ရှိထိုက်တယ်လို့ ကိုယ်ကထင်ပေမယ့် သူကမှ မရှိတာ။ ဒါဝမ်းနည်းနေလို့ ဘယ်ဖြစ်ပါ့မလဲ မအေးမေရယ်။ မင်းကလည်း အားငယ်တတ်ရန်ကော။ မင်းငိုရင် တို့လည်း ဘယ်စိတ်ကောင်းမလဲ။ မမြထွေးတောင် ပြန်လာပြီ" မမြထွေးသည် ငှက်ပျောကြော်များကို ဖက်နှင့်ထုပ်လာ၏။

"ကဲ ... မအေးမေရော ထွန်းထွန်းရောစား။ နောက်ခါကျရင်တို့များ မအေးမေရှေ့မှာ အဖေအကြောင်း မပြောတော့ဘူး" ဟု မမြထွေးက ကျွန်မကို ကြည့်ကာပြော၏။

"ပြောပါ အထွေးရာ ကိစ္စမရှိပါဘူး။ နောက်တစ်ခါကျ ကိုယ်လည်း စိတ်မထိခိုက်တော့ပါဘူး"

ထိုညနေက အိမ်ပြန်ရောက်လျှင် မေမေဆီးကြိုနေသည်ကို အဆင်သင့် တွေ့ရ၏။ မေမေသည် အသက် သုံးဆယ်ကျော်ပင် ဖြစ်သော်လည်း ဆံပင်များဖြူ၍ မျက်မှန်တပ်နေရပေပြီ။ ကျွန်မ လူမှန်းသိတတ်စကာ

mgyoe.com

mgyoe.com


တည်းကပင် မေမေသည် ပြတင်းပေါက်နားတွင်ထိုင်၍ သိုးမွေးစောင်များထိုး၏။ တစ်ခါတစ်ရံ ရှုံစောင်များတွင် ပန်းပွင့်ကြီးများကို ရေးကာ ရောင်စုံချည်များနှင့် ပန်းထိုး၏။ ညဥ့်တွင်မူ ကျွန်မစာကြည့်သော စားပွဲတွင် မှန်အိမ်မီးရောင်ဖြင့် မပြီးတတ်သော သူ့စောင်ကို ပန်းဆက်ထိုးနေပါသည်။ ထို့ကြောင့်ပင် မေမေ့မျက်စိမှာ စောစီးစွာ မှုန်လာခြင်းဖြစ်ပေလိမ့်မည်။ ဖြူစပြုလာသော နားထင်ဆံစများအောက်တွင် မေမေ၏ နားထင်ရိုးမှာ ငေါ်နေ၏။ အညောင်းထိုင်လွန်၍ထင်သည်။ မေမေ့ တင်ပါးများသည် ပိန်ကပ်ကပ်လေးဖြစ်၍ နေပေသည်။

မေမေပြုံးလိုက်လျှင် သူ့နှုတ်ခမ်း သွေ့ခြောက်ခြောက်လေးမှာ အကွဲကြောင်းလေးများ ထင်၍ လာပေသည်။

"သမီးဆရာမ မသန်းတင်နဲ့ မေမေ မနက်ဈေးကအပြန်တွေ့ခဲ့တယ်။ ဆရာမ စောင်လေးထိုးပြီးတာနဲ့ ဝင်ပို့ရင်းတွေ့ခဲ့တာ သမီးရေးတဲ့ စာစီစာကုံး တယ်ကောင်းတယ်ဆိုပါလား"

မေမေ့ စိတ်ထဲတွင်တော့ သူ့သမီးတော်ကြောင်းကို ဆရာမက ချီးကျူးသောအခါ ဝမ်းသာပေလိမ့်မည်။

"ဘာရေးထားလို့လဲ မေမေ့ကို ပြစမ်း"

မေမေပြုံး၍ ကျွန်မက ပြန်ပြုံးလိုက်သော်လည်း ကျွန်မစိတ်ထဲတွင် မပျော်ပါ။ လွယ်အိတ်ထဲမှ စာအုပ်ကိုသာ မေ့မေ့ကို ထုတ်ပေးခဲ့၏။ နောက်ဖေးဆောင်သို့ ဝင်လာလျှင် ဖွားဖွားသည် ကန်စွန်းရွက်ပြုတ်များကို ပန်းကန်ထဲတွင် ပြင်ထည့်နေသည်။

"မအေးမေ ပြန်လာပြီလား။ ငါ့မြေးကြိုက်တတ်တဲ့ ငါးရှင်ပိကောင်ကို ငါးကြီးခြောက်နဲ့ ဖွားဖွားချက်ထားတယ်။ ကဲ... ကဲ... ရေချိုး"

ဖွားဖွားသည် မေမေ မအားလပ်လျှင် မီးဖိုတွင် ကူချက်ပေးလေသည်။ ကျွန်မ ရေချိုးပြီးလျှင် မြေအဖိုး သားအမိလေးယောက် ထမင်း

mgyoe.com

mgyoe.com


ဝိုင်းစားကြ၏။ မေမေ့မျက်နှာသည် ရွှင်ရွှင်ပျပျတော့ မရှိလှပေ။ သို့သော် ဖွားဖွားကိုမူ ကျွန်မအကြောင်း ပြောပြ၏။

"အမေ... မအေးမေရေးတဲ့ စာစီစာကုံးကောင်းတယ်လို့ ဆရာမက ပြောလိုက်တယ်"

ဖွားဖွားနှင့်ဖိုးဖိုးသည် ကျွန်မကို ဝမ်းသာသော မျက်လုံးများနှင့် ကြည့်ကြ၏။ ဖိုးဖိုးသည် အထူးရွှင်ပျ သွားပုံရ၏။

"ငါ့မြေးက ဘာတွေရေးထားလို့လဲ ဟင်"

ကျွန်မသည် မေမေ့အတွက် စိတ်တင်းကာ ပြောလိုက်ပါသည်။

"ဖိုးဖိုးတို့ဖွားဖွားတို့အကြောင်းပေါ့။ ဖိုးဖိုး မီးပုံးချိုးပေးတာတွေ၊ ဖွားဖွားက သမီးတို့ဖို့ ဖယောင်းတိုင်ပေးတာတွေ အဲဒါတွေနဲ့ သမီး သီတင်းကျွတ်တုန်းက ဘယ်လိုပျော်ခဲ့သလဲ ဆိုတာ ရေးပြတာပေါ့" နောက်ဆုံးအပိုဒ်ကိုမူ ကျွန်မ ဆက်မပြောပါပေ။

ဖိုးဖိုးက သဘောကျသလို ရယ်လိုက်ရင်း "အေးကွယ့် နောက်နှစ်ကျရင် ကြယ်ပုံလေး ငါ့မြေးကို ချိုးပေးရမယ်" ဟု ဆို၏။ မေမေသည် လက်ဆေးကာ ထမင်းစားပွဲမှ ထ, သွားပါသည်။ ဖိုးဖိုးပါ ထ,သွားတော့မှ ကျွန်မနှင့်အဖွား နှစ်ယောက်တည်း ထမင်းဝိုင်းတွင် ကျန်ရစ်နေသည်။

"ဒီလိုပါ ဖွားဖွားရာ၊ ကျွန်မထင်တာတွေကတော့ သီတင်းကျွတ်ကျောင်းပိတ်ရက်အကြောင်း စာစီစာကုံးရေးခိုင်းတော့ သူများတွေက ပျော်စရာကောင်းတာတွေ လျှောက်ရေးကြတာပေါ့။ မီးပုံးတွေထွန်းတာ၊ မီးပန်းတွေနဲ့ ကစားတာလည်း ရေးတာပေါ့။ ကျွန်မကတော့ ကျွန်မတို့မှာ မီးပုံးမှ မဝယ်နိုင်ဘဲ၊ ဖိုးဖိုးချိုးပေးတဲ့ မီးပုံးလေးကို ဖွားဖွားဝယ်ပေးတဲ့ ဖယောင်းတိုင်နဲ့ထွန်းရပုံကို သမီးရေးတယ်။ နောက်ဆုံးကျတော့ သမီးက နိဂုံးချုပ်မှာ သမီးတို့မှာ ဖေဖေမရှိတော့ ဆင်းရဲလို့ သီတင်းကျွတ်ပွဲဟာ သမီးအဖို့ ပျော်စရာမကောင်းဘူးလို့ အဲဒီလို ရေးလိုက်တော့ ဆရာမ

mgyoe.com

mgyoe.com


စိတ်ထဲ ထိခိုက်သွားတယ်ထင်ပါရဲ့"

ဖွားဖွားသည် ကျွန်မစကားကို ငြိမ်သက်စွာ နားထောင်နေ၏။

"အေးပေါ့လေ၊ သမီးရဲ့ မေမေဒီစာကို ဖတ်ကြည့်သလား"

"ဟုတ်ကဲ့ ... ကျောင်းပြန်တုန်းက ဖတ်ကြည့်တယ် ဖွားဖွား"

"ဒါကြောင့် သူထမင်းစားတာ နည်းသွားတာကိုး"

"မေမေက ဖေဖေ့အကြောင်းပြောလို့ စိတ်မကောင်းဖြစ်သွားတယ် ထင်တယ်နော် ဖွားဖွား"

"ဒါပေါ့ကွယ်၊ ငါ့မြေးက စာကြိုးစားပေါ့၊ သမီးမှာ ဖေဖေမရှိလည်း စာတော့ သင်နိုင်ပါသေးတယ်။ ငါ့မြေးကျောင်းထွက်လို့ အလုပ်လုပ်နိုင်လာရင် မင်းမေမေကို ကူနိုင်မှာဘဲ။ ဒီတော့ မေမေကလည်း အားရှိလာမှာပေါ့"

ကျွန်မသည် ထမင်းဆက်စားရင်း လျှောက်တွေးနေမိ၏။ တကယ်ဆိုတော့ မေမေ့ လက်မှုပညာလေးနှင့် ရသမျှ ဝင်ငွေအပေါ်တွင် ကျွန်မတို့ မိသားစု စားသောက်နေခြင်း ဖြစ်ပေသည်။

"ဟုတ်ပါရဲ့၊ ဖေဖေဆုံးကတည်းက မေမေတစ်ယောက်တည်း အလုပ်လုပ်လာရတာပဲနော်"

"မင်းဖေဖေဟာ ဆုံးသွားတာမှ မဟုတ်ဘဲ"

"ဟင်"

ကျွန်မသည် ဖွားဖွားစကားကို နားမလည်သလို ပြန်မေး၏။

"သူခုထိ အသက်ရှင်နေသေးတယ်"

"တကယ်လား ဖွားဖွား"

"ဟုတ်ပါတယ်ကွယ် ဒါပေမဲ့ မင်းမေမေက သူ့စိတ်သက်သာစေချင်ရင် ဒီကလေးမှာ အဖေရှိတယ်လို့ လုံးဝမပြောပါနဲ့ဆိုပြီး ဆွေမျိုးတွေရော ဖွားဖွားတို့ကိုပါ ပိတ်ပင်ထားတယ်။ နီးစပ်သမျှ မိတ်ဆွေတွေ

mgyoe.com

mgyoe.com


ကိုလည်း မပြောစေရဘူး။ ဒီတော့ သမီးအဖို့တော့ သမီးအဖေဟာ ဆုံးသွားတဲ့ လူတစ်ယောက်အနေနဲ့ သိနေရတာပဲ"

"သူ ဒီမြို့မှာ ရှိနေသေးလား"

"ရှိတယ်၊ ဟိုမြောက်ပိုင်းမှာ ကံထရိုက်တာ ဦးအောင်မြတ်ဆိုတာ"

ကျွန်မသည် မြောက်ပိုင်းကို ရောက်ခဲ့၏။ ရောက်ခဲ့ပြန်လည်း ဦးအောင်မြတ်ဆိုသူ ကံထရိုက်တာကြီး တစ်ယောက်မှာ တစ်ခါက ကျွန်မ၏ အဖေဖြစ်ခဲ့ဖူးသူ၊ ကျွန်မ စိတ်ဝင်စားသင့်သူ တစ်ယောက်ဟူ၍ ကျွန်မ မသိခဲ့ပေ။ ဖွားဖွားသည် ထမင်းစားပွဲမှ ထ, သွားသည်။ ကျန်ရစ်သော ပန်းကန်များကို သိမ်းဆည်းဆေးကြောရင်း ဦးအောင်မြတ်ဆိုသူ တစ်ယောက်ကို ကျွန်မ တွေးနေမိ၏။ ကျွန်မ၏ စာစီစာကုံးအရှိန်သည် တစ်အိမ်လုံးကို လွှမ်းမိုးနေဟန်ရှိသည်။ အားလုံး စကားဟဟ မပြောကြ။ ခါတိုင်း ညဉ့်ဦးနှင့်မတူဘဲ အိမ်မှာသွေ့ခြောက်နေလေသည်။ ဖိုးဖိုးတစ်ယောက်တည်းသာ အိမ်ဦးခန်းတွင် သူ့ဆေးတံကြီးကို အားပါးတရ ဖွာရှိုက်၍ နေပေသည်။ မေမေနှင့်ဖွားဖွားသည် အတွေးကိုယ်စီနှင့် အခန်းအောင်းနေသလား၊ ဖွားဖွားသည် အပေါ်ထပ်ရှိ ဘုရားစင်ရှေ့တွင်ပင် ရောက်နေသလား မသိပေ။

ညဉ့်ဘက်ရောက်လာ၍ ကျွန်မ၏မီးတိုင်ကို ထွန်းညှိကာ စာကြည့်စားပွဲတွင် စာကြည့်ရန် ပြင်နေပေသည်။ မေမေသည် ထိုးလက်စအပ်ထည် ဆွယ်တာတစ်ထည်ကို ယူကာ ထုံးစံအတိုင်း ကျွန်မအနားတွင် လာထိုင်၏။ သူ တစ်တန်းနှစ်တန်းထိုးနေစဉ်တွင် မေမေ့ မျက်နှာကို ကျွန်မ စိုက်ကြည့်နေမိသည်။ မေမေသည် ဘာကြောင့်များ ဖေဖေ့အကြောင်းကို ဒါလောက် ဖာတ်မြှုပ်၍ ပစ်ထားပါသနည်း။ ကျွန်မရင်ထဲတွင် မေးချင်သော စကားလုံးများရှိသော်လည်း မေမေ့ကို သနားသေလို၊ မေးရခက်သလို ဖြစ်နေပေသည်။

mgyoe.com